
၂၀၂၅ ခုနှစ်အတွင်း ISP-Myanmar
ပရိသတ်များ၏ စိတ်အတွေ့ဆုံး

# ISP COLUMN
# ဆောင်းပါး ၁၀ ပုဒ်

ဒီဇင်ဘာလ၊ ၂၀၂၅ ခုနှစ်



PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

## မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

---

**‘၂၀၂၅ ခုနှစ်အတွင်း ISP-Myanmar ပရိသတ်များ၏ စိတ်အတွေ့ဆုံး ISP  Column ဆောင်းပါး ၁၀ ပုဒ်’**ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar) က ထုတ်ဝေပါသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်ကနေ ဒီဇင်ဘာ ၂၆ ရက်အထိ ISP Column ဆောင်းပါး ၁၀၅ ပုဒ်ကို ISP-Myanmar က ဖော်ပြခဲ့သည့်အနက် ပရိသတ်များဖတ်ရှုတုံ့ပြန်မှု အများဆုံးရခဲ့သော ဆောင်းပါး ၁၀ ပုဒ်ကို စုစည်းထားခြင်း ဖြစ်ပါသည်။

+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။
info@ISPMyanmar.com | www.ISPMyanmar.com

# မာတိကာ


(က) အယ်ဒီတာမှတ်စု ၅

(ခ) ၂၀၂၅ ခုနှစ်အတွင်း ISP-Myanmar ပရိသတ်များ၏
စိတ်အတွေ့ဆုံး ISP Column ဆောင်းပါး ၁၀ ပုဒ်

၁။ လူချမ်းသာများ အာသာဖြေသည့် ဆင်းရဲတွင်းက ညစ်ညမ်းရုပ်သံ ၇
၂။ ဘီယာမရှိသော ရခိုင်ပြည် ၁၃
၃။ လိုင်စင်ရ လက်နက်ကိုင်အဖွဲ့တခုတော့ ပေါ်လာပြီ ၁၉
၄။ ပြည်သူ့အသက်ကို ဦးစားပေးပါ ၂၃
၅။ နိုင်ငံရေးသမားကို ဆယ်လီဇာတ်သွင်းခြင်း ၂၇
၆။ စစ်ခေါင်းဆောင် မဖွင့်ရဲသော တံခါးတချပ် ၃၃
၇။ လူငယ်တွေကို ဘယ်လိုကယ်ထုတ်မလဲ ၃၇
၈။ မြန်မာ့လျှင်ဘေးနှင့် ယောင်ခြောက်ဆယ် စစ်ကောင်စီ ၄၁
၉။ လူမှုပြစ်ဒဏ်၊ လူမှုတရားမျှတရေးနှင့် လူအုပ်စုလိုက် စုန်းဖမ်းခလေ့ ၄၅
၁၀။ လူ့သမိုင်း၏ နောက်ဆုံးပြဇာတ် ၅၃

(ဂ) အယူအဆမှတ်စု ၅၈

(ဃ) ISP Column သို့ စာမူပေးပို့မှု လမ်းညွှန်နှင့် မူဝါဒများ ၆၀

# အယ်ဒီတာမှတ်စု

တနှစ်တာ ကူးပြောင်းပြန်ပါတော့မယ်။ ကုန်ခဲ့တဲ့တနှစ်တာအတွင်းမှာ မြန်မာပြည်သူလူထုတွေကတော့ မသက်သာလှပါဘူး။ အဆိုးရွားဆုံး သဘာဝဘေးနဲ့ လူလုပ်ဘေးတွေကို ရင်ဆိုင်ခဲ့ရပါတယ်။ ISP Column ကဏ္ဍဟာ လူထုတွေအကြားက ဉာဏ်လိုင်းခတ်ဆင်ခြင်သံတွေကို ထင်ဟပ်ဖော်ပြနိုင်ဖို့ ရည်ရွယ်ဖွင့်လှစ်ခဲ့တဲ့ စာမျက်နှာတခုဖြစ်ပါတယ်။ ရည်ရွယ်ထားသလိုပဲ လူထုတွေ၊ အထူးသဖြင့် စစ်ဒဏ်သင့်နယ်မြေအတွင်းက အခြေအနေတွေအကြောင်း ရေးသားပေးပို့လာမှုတွေ အများအပြားရှိခဲ့ပြီး Column အဖွဲ့က စိစစ်ထုတ်ဝေခဲ့ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သဘာဝဘေး စတဲ့ ကိစ္စရပ်တွေအပေါ် ရှုထောင့်ပေါင်းစုံကနေ ရေးသားထားတဲ့ ကလောင်ရှင် ၆၁ ဦးရဲ့ ကော်လံစာမူ ၁၀၅ ပုဒ်ကို ဖော်ပြနိုင်ခဲ့ပါတယ်။ အဲဒါတွေထဲကမှ စာဖတ်ပရိသတ်တွေရဲ့ ကြိုက်နှစ်သက်မှု၊ တုံ့ပြန်မျှဝေမှု အများဆုံးဖြစ်ခဲ့တဲ့ ISP Column ၁၀ ပုဒ်ကို တနှစ်တာအထိမ်းအမှတ်အဖြစ် စုစည်းထုတ်ဝေလိုက်ပါတယ်။

### လူချမ်းသာများ အာသာဖြေသည့်

# ဆင်းရဲတွင်းက ညစ်ညမ်းရုပ်သံ



အေမီ

သနားညှာတာစိတ်နဲ့ ပေးကမ်းစွန့်ကြဲ ကူညီထောက်ပံ့ခြင်းကို
သံမှိုရိုက်သင်ကြားခံရတဲ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ
ဒီလို အာသာဖြေရတာကို ပိုမက်မောတတ်ကြပါတယ်။

ISP COLUMN

ဆူညံဗလံအသံမှသည်
ဉာဏ်လိုင်းခတ် ဆင်ခြင်သံဆီသို့

ဒီဆောင်းပါးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှာ ISP-Myanmar ကနေ ဖော်ပြခဲ့ပါတယ်။ ဒီတနှစ်လုံးဖော်ပြခဲ့တဲ့ ISP Column တွေထဲမှာ ပရိသတ်စိတ်အတွေ့ဆုံး၊ အဖတ်များဆုံးနဲ့ မျှဝေတုံ့ပြန်မှုအများဆုံး ဖြစ်ခဲ့ပါတယ်။ လူတဦးရဲ့ ဒုက္ခကို အရင်းပြုပြီး အလှူရှင်ရှာတာ၊ လူ့ဂုဏ်သိက္ခာကို စတေးပြီး သနားစိတ်ကို မျှားခေါ်တာတွေဟာ ကျင့်ဝတ်နဲ့ ညီပါရဲ့လား။ ခေတ်ပျက်ထဲက အမြင်ရိုင်းတဲ့ Poverty Porn တွေအကြောင်း ဒီဆောင်းပါးမှာ ဆန်းစစ်ထားပါတယ်။

■ အယ်ဒီတာ

၁

# လူချမ်းသာများ အာသာဖြေသည့် ဆင်းရဲတွင်းက ညစ်ညမ်းရုပ်သံ

**အေမီ**

Porn ကို ညစ်ညမ်းရုပ်သံလို့ ခေါ်ပြီး မြန်မာနိုင်ငံမှာ တရားမဝင်တဲ့ တားမြစ်ထုတ်ကုန်ပါ။ အရင်က အခွေဆိုင်တွေမှာ ခိုးကြောင်ခိုးဝှက်ပဲ ဝယ်ကြည့်ရရာကနေ အခုတော့ အပြေးအလွှား ရှာစရာမလိုဘဲ အင်တာနက်ကလေးရှိရုံနဲ့ မိုဘိုင်းဖုန်းတွေထဲ အလွယ်တကူ ကြည့်လို့ရပါတယ်။ ညစ်ညမ်းရုပ်သံဆိုတာထဲမှာ လူ့အဖွဲ့အစည်းက မမြင်သင့်မမြင်အပ်ဘူးလို့ သတ်မှတ်ထားတဲ့ လူတွေရဲ့ ကိုယ်ရေးကိုယ်တာကိစ္စရပ်တွေ ပါပါတယ်။ ကာမကိစ္စတွေအကြောင်း ပွင့်လင်းစွာပြောခွင့်မရှိတဲ့ ယဉ်ကျေးမှု ထွန်းကားတဲ့ မြန်မာနိုင်ငံလိုနိုင်ငံမှာ ညစ်ညမ်းရုပ်သံဟာ ပိုအမြင်ရိုင်းပါတယ်။ လိင်စိတ်ကို အာသာဖြေတဲ့ ညစ်ညမ်းရုပ်သံ ဖြန့်ဝေတာဟာ မြန်မာနိုင်ငံမှာ ဥပဒေအရကြည့်ရင်လည်း တရားမဝင်ပါဘူး။

ဒါပေမဲ့ အာဏာသိမ်းပြီးနောက်မှာတော့ ဥပဒေအရ တရားဝင်ပြီး မြန်မာ့ယဉ်ကျေးမှုအရ အမြင်လည်း မရိုင်းတဲ့ ညစ်ညမ်းရုပ်သံအမျိုးအစားတခုကို လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ တွင်တွင်ကျယ်ကျယ် တွေ့လာရပါတယ်။ အဲဒီတရားဝင်တဲ့ ညစ်ညမ်းရုပ်သံတွေမှာတော့ သာသာယာယာ ဇာတ်ဝင်ခန်းတွေ မပါသလို ကာမကိစ္စတွေလည်း မပါပါဘူး။ ဒီညစ်ညမ်းရုပ်သံတွေကိုကြည့်ပြီး လူတွေဟာ ဘယ်အရာအပေါ်မှာ အာသာဖြေကြတာလဲ။ ဒါကတော့ poverty porn လို့ခေါ်တဲ့ ဆင်းရဲမှု

**အေမီ**သည် နိုင်ငံတကာဆက်ဆံရေးနှင့် ဖွံ့ဖြိုးရေးဘာသာရပ်ကို အထူးပြုသင်ယူနေသော နောက်ဆုံးနှစ်ကျောင်းသူဖြစ်ပြီး လူမှုသိပ္ပံဘာသာရပ်နှင့် နှီးနွှယ်သည့် ဆောင်းပါးများကို ရေးသားလျက်ရှိသည်။

ညစ်ညမ်းရုပ်သံတွေပါပဲ။ ပျက်စီးယိုယွင်းနေတဲ့ လူ့အဖွဲ့အစည်းမှာ လူသားတွေဟာ လူသားဆန်မှု လက်ကျန်လေးကို အာသာဖြေဖို့ ကြိုးစားကြပါတယ်။ ဒီလိုအာသာဖြေနိုင်ဖို့ poverty porn တွေကို ကြည့်ကြပါတယ်။ poverty porn ဆိုတာ လူ့အသိုင်းအဝိုင်းရဲ့ ဆင်းရဲမှုနဲ့သောကတွေကို အလွန်အကျူး ချဲ့ကားဖော်ပြပြီး လူတွေရဲ့ သနားညှာတာစိတ်ကို ထောင်ချောက်လိုဖမ်းယူ အကူအညီရှာဖွေထားတဲ့ ရုပ်ပုံနဲ့ ဗီဒီယိုတွေကို ဆိုလိုတာပါ။

Poverty porn ဆိုတဲ့ စကားလုံးဟာ ၁၉၈၁ ခုနှစ်က ရေးသားခဲ့တဲ့ တက်ကြွလှုပ်ရှားသူ ဂျော်ဂန်လစ်နာ (Jorgen Lissner) ရဲ့ ‘စိတ်ဆင်းရဲသောကကို ရောင်းဝယ်ကြသူများ’ ဆောင်းပါးမှာ ပထမဆုံး ပါဝင်လာတာပါ။ အဲဒီအချိန်က အာဖရိကရဲ့ အစာငတ်မွတ်ခေါင်းပါးမှုကပ်ဘေးကြောင့် အာဟာရပြတ်လပ်နေတဲ့ ကလေးငယ်တွေရဲ့ပုံတွေဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ခေတ်စားတဲ့အချိန်ပါ။ လူသားချင်းစာနာမှု အကူအညီတွေပေးတဲ့ အဖွဲ့အစည်းတွေဟာ ကလေးတွေရဲ့ အစာအာဟာရချို့တဲ့နေတဲ့ပုံတွေကိုသုံးပြီး လူတွေရဲ့သနားစိတ်ကို မျှားခေါ်ကာ ရန်ပုံငွေရှာကြပါတယ်။ လူသန်းပေါင်းများစွာရဲ့ ရင်တွင်းကို ရိုက်ခတ်စေတဲ့ ဒီပုံတွေကို ဂျော်ဂန်လစ်နာကတော့ ညစ်ညမ်းရုပ်ရှင်တွေနဲ့ ခိုင်းနှိုင်းခဲ့ပါတယ်။ လူတဦးရဲ့ဒုက္ခဝေဒနာဟာ လိင်မှုကိစ္စလိုသိမ်မွေ့ပြီး ကိုယ်ရေးကိုယ်တာဆန်တယ်လို့ သူက ဆိုပါတယ်။ ဒီလိုဒုက္ခဝေဒနာကို လူပေါင်းများစွာကြည့်ဖို့ ရိုက်ကူးချပြတာဟာ လူ့ကျင့်ဝတ်နဲ့မညီဘူးလို့ သူက ဝေဖန်ပါတယ်။ Poverty porn တွေဟာ အာဖရိကရဲ့ ငတ်မွတ်နေတဲ့ ကလေးတွေ၊ ဆင်းရဲမွဲတေမှုနဲ့ ကျိုးပဲ့နေတဲ့ အိမ်တွေအကြောင်းပဲ ချခင်းထားကြပါတယ်။ ရက်ရောမှု၊ ဖော်ရွေပျူငှာမှု၊ ယဉ်ကျေးမှုနဲ့ ဓွဲလုံ့လတွေ စတဲ့ သူတို့ချမ်းသာတဲ့အရာတွေကိုတော့ လျစ်လျူရှုခဲ့ကြတယ်လို့ သူက ဆိုပါတယ်။

တကယ်တမ်းတော့ လူတွေရဲ့သဒ္ဒါစိတ်ကိုနှိုးဆွဖို့ poverty porn တွေလိုပါတယ်။ လိင်မှုကိစ္စတွေမှာ အာသာဖြေဖို့ လိုအပ်သလို poverty porn တွေကနေတဆင့် လူတွေဟာ သူတို့ရဲ့ လူသားဆန်မှု လက်ကျန်လေးကို တသသနဲ့ ကြည့်ရင်း အာသာဖြေကြတယ်။ သနားညှာတာစိတ်နဲ့ ပေးကမ်းစွန့်ကြဲ ကူညီထောက်ပံ့ခြင်းကို သံမှိုရိုက်သင်ကြားခံရတဲ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဒီလိုအာသာဖြေရတာကို ပိုမက်မောတတ်ကြပါတယ်။ တဖက်မှာလည်း ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးပြီး မင်းဆိုးမင်းညစ်ပေါတဲ့ တိုင်းပြည်မှာ ကဏ္ဍပေါင်းစုံက ယိုပေါက်တွေနဲ့ ပျက်စီးနေတတ်ပါတယ်။ ကဏ္ဍတိုင်းဟာ အရပ်ကူပါ လူဝိုင်းပါ စေတနာ့ဝန်ထမ်း အလှူ့ဒကာ၊ ဒကာမတွေရဲ့ ရေစီးကမ်းပြိုလှူဒါန်းမှုနဲ့ ပရဟိတလုပ်ငန်းတွေကို မှီခိုနေရပါတယ်။ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးတို့ တွေ့ကြသလိုပါပဲ။

လှူဒါန်းမှုလို့ဆိုရရင် နိဗ္ဗာန်အကျိုးမျှော်တဲ့ တိုက်တွန်းချက်တွေမှာ သာသနာကို ကာကွယ်စောင့်ရှောက်နေတဲ့ ဘုရားသားတော်တွေအတွက် နောက်ဆုံးပေါ်ကားတွေနဲ့ ဇိမ်ခံရွှေပလ္လင်တွေ လှူဒါန်းဖို့ကို ပိုပိုသာသာ အလေးပေး တိုက်တွန်းတတ်ကြပါတယ်။ ဒီလိုတိုက်တွန်းချက်တွေကို ကျော်လွန်ပြီး

လှူဒါန်းကြဖို့ဆိုတာ စုတ်ပဲ့နုံချာတဲ့ နေ့စဉ်ဘဝရဲ့ကို တော်ရုံချပြနိုင်ရုံနဲ့ မရပါဘူး။ ကျောင်းဆောင် လှူရင် သိရိသုခမ္မာဘွဲ့ အပ်နှင်းခံရပေမဲ့ ဆင်းရဲသားတွေကို ထမင်းတနပ်လှူရင်ဖြင့် အလှူ့အမများ မှာ ဘာဘွဲ့ထူးများ ရနိုင်ကြမှာလဲ။ ဒီတော့ အပြိုင်အဆိုင်အလှူရှင်ရှာရတဲ့ ဆင်းရဲတွင်းက လူမှုဘဝ လိုအပ်ချက်တွေဟာ အရင်လို အရပ်ထဲမှာ လက်လှမ်းမီရာ နိုးဆော်ကြရုံနဲ့ မလုံလောက်ကြတော့ပါ ဘူး။ တိုးတက်လာတဲ့ ခေတ်ရေစီးကြောင်းအတိုင်း လူမှုကွန်ရက်ပေါ်မှာ ကြေညာမောင်းခတ်ရပါ တယ်။ ကြည့်ရှုသူ၊ နားထောင်သူရှားတဲ့ ခေတ်ပျက်သတင်းဌာနတွေကလည်း လူစိတ်ဝင်စားမယ့် poverty porn တွေကို အတော်လေး မျက်စိကျလာပါတယ်။ ဆင်းရဲတွင်းက ကလေးငယ်တွေ၊ မသန် စွမ်းတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ နာမကျန်းဖြစ်သူတွေဟာ အဲဒီလိုမီဒီယာတွေရဲ့သားကောင် ဖြစ်လာ ပါတယ်။

ဒီနေရာမှာ အလှူ့အမများကလည်း တထောင့်တနေရာကနေ နှလုံးလှမ်းအိမ်ရှင်ရာထူးကို ဝင်ယူလို ကြပါတယ်။ အလှူ့အမအနေနဲ့ လူထုမေတ္တာခံယူနိုင်ဖို့ မီဒီယာစုံညီရှေ့မှာ အင်တာဗျူးဖြေပြီးမှ စွန့်ပစ်ခံကလေးငယ်ကို ခေါ်ယူမွေးစားပါတယ်။ လူပေါင်းများစွာရဲ့ ထည့်ဝင်လှူဒါန်းငွေတွေနဲ့ အလှူ့ အမက ခေါ်ယူမွေးစားနိုင်ပေမဲ့ ကျောမွဲမိဘတွေကိုတော့ ကိုယ့်သွေးကိုယ့်သားကို စွန့်ပစ်နိုင်သူတွေ ဖြစ်ကြောင်း မီဒီယာတွေက ကွက်ကွက်ကွင်းကွင်း ရိုက်ကူးတင်ဆက်ပြပါတယ်။ ဒီဗီဒီယိုဖိုင်တွေက ကလေးငယ်အတွက် စိတ်ဒဏ်ရာ ဘယ်လောက်ဖြစ်စေမလဲဆိုတာကိုတော့ ဘယ်သူမှ ထည့်သွင်း စဉ်းစားပုံ မပေါ်ပါဘူး။ အရင်းခံ ဆင်းရဲတွင်းက ဘဝတွေဟာ ကူငွေလေး အနည်းငယ်ရနိုင်ဖို့ ခေတ် ပျက်မီဒီယာတွေနဲ့ အလှူ့အမတွေအတွက် လူ့ဂုဏ်သိက္ခာကို စတေးခံရင်း ရှေ့ပုံပေါ် တရက်စံပြီး ဆင်းရဲတွင်းမှာရှိတဲ့ မူရင်းဘဝကို ပြန်ဆင်းကြရပြန်ပါတယ်။ အဆုံးမှာတော့ ပိုနေမြဲ၊ ကျားနေမြဲ။ ဒါပေမဲ့ မောင်ပိုမှာတော့ ရွှေတထုပ်နဲ့။

နိုင်ငံရဲ့ပျက်စီးနေတဲ့ကဏ္ဍတွေကို ပြုပြင်ဖို့ဆိုတာ အစိုးရရဲ့တာဝန်တွေပဲ ဖြစ်ပါတယ်။ ကလေး သူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ဘိုးဘွားစောင့်ရှောက်ရေး၊ မသန်စွမ်းပြုစုပျိုးထောင်ရေး၊ ရေဘေး သင့်ပြန်လည်ထူထောင်ရေး စတာတွေဟာ ပြည်သူ့ဘဏ္ဍာငွေတွေနဲ့ စီမံခန့်ခွဲလည်ပတ်ရမယ့် အစိုးရ တရပ်ရဲ့တာဝန်တွေသာဖြစ်ပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန (လူကယ်ပြန်) ရဲ့ တာဝန်လစ်ဟင်းမှုဟာ poverty porn တွေ ပြန့်ပွားဖို့ အဓိကမီးစာဖြစ်ပါတယ်။ ညစ်ညမ်းရုပ်သံဆိုတာ စွဲလမ်းစေတတ်တဲ့ သဘောရှိသလို စွဲလမ်းမိရင်လည်း ဖြတ်ရခက်ပါတယ်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာလည်း poverty porn တွေ ခိုင်ခိုင်ခံ့ခံ့ အမြစ်တွယ်နေပါပြီ။

ဂုဏ်သိက္ခာကို ချနင်းထားတဲ့ poverty porn ကလာတဲ့ စာနာမှုတွေဟာ လူမှုပြဿနာတွေကိုဖြေရှင်း ဖို့ စစ်မှန်တဲ့နည်းလမ်း မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ ဘာကူညီမှု၊ ညာကူညီမှုအသင်းတွေ အင်မတန် ကို ပေါပါတယ်။ ဒါကို စာရေးဆရာတွေက မိခင်နို့ မထွက်ဆုံးရှာက နို့မှုန့် အရောင်းရဆုံးပဲလို့ သုံးသပ်

ပြောဆိုကြပါတယ်။ မြန်မာနိုင်ငံမှာ မိခင်နို့ရည်တွေ ဘယ်အထိ ဆက်လက်ပြတ်လပ်နေအုံးမှာလဲ။ Poverty porn တွေ ဘယ်အထိ ဆက်လက်ပြန့်ပွားနေမှာလဲ။ လူကယ်ပြန်ကို မကယ်နိုင်သေးသရွေ့ တော့ သင် လှူတဲ့ကူတဲ့အခါမှာ သင့်ကင်မရာနဲ့ လူထုမေတ္တာခံယူလိုစိတ်ကို အိမ်မှာချန်ခဲ့ခြင်းဖြင့် အမြင်ရိုင်းတဲ့ poverty porn တွေ ပျံ့နှံ့နေမှုကို ဟန့်တားကာကွယ်ပေးစေလိုပါတယ်။ ■

**အေမီ**

# ဘီယာမရှိသော ရခိုင်ပြည်

မောင်းမောင်

---

တောအရက်အနည်းငယ်ကို လက်ညှိုးမှာဆွတ်ပြီး
မီးရှို့ကြည့်တဲ့အခါ ဟုန်းခနဲ မီးထတောက်တတ်ပါတယ်။
ဒီလို မီးလောင်ကျွမ်းနေတာဟာ
မက်သနော ဓာတ်များစွာပါနေတဲ့ အဆိပ်ငွေ့ဖြစ်တယ် ... ဆိုတော့
မိတ်ဆွေတို့ အာရက္ခဒေသသို့ အလည်လာခဲ့ရင် ရှိတာလေးနဲ့ပဲ တည်ခင်းဧည့်ခံပါရစေလို့။

---

ISP COLUMN

ဆူညံဗလံအသံမှသည်
ဉာဏ်လိုင်းခတ် ဆင်ခြင်သံဆီသို့

ဒီဆောင်းပါးကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှာ ISP-Myanmar ကနေ ဖော်ပြခဲ့ပါတယ်။ ဒီတနှစ်လုံးဖော်ပြခဲ့တဲ့ ISP Column တွေထဲမှာ ပရိသတ်တွေ ဒုတိယမြောက်စိတ်အတွေ့ဆုံး၊ အဖတ်များဆုံးနဲ့ မျှဝေတုံ့ပြန်မှုအများဆုံး ဖြစ်ခဲ့ပါတယ်။ ပြည်မကလာတဲ့အရက်တွေကို ပိတ်ပင်ထားကြောင့် သောက်စရာရှားလာ၊ အဆမတန်ဈေးကြီးလာလို့ ကြုံရာသောက်နေရတဲ့ ရခိုင်ပြည်သူတွေရဲ့ အခက်အခဲနဲ့ ကျန်းမာရေးဆိုင်ရာ ပြဿနာတွေအကြောင်း စိုးရိမ်မှုတွေကို ဖော်ပြထားပါတယ်။

■ အယ်ဒီတာ

၂

# ဘီယာမရှိသော ရခိုင်ပြည်

မောင်းမောင်

အရက်၊ ဘီယာ၊ ယမကာဆိုတာ အမျိုးသားထု စွဲလမ်းကြိုက်နှစ်သက်ကြတဲ့ ဖျော်ဖြေရေးထုတ်ကုန်တခုပါ။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ တရားဝင်ရှိနေပြီး မှီဝဲသူတွေလည်း အများအပြား ရှိနေပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံထဲမှာ ဘီယာဆိုတာ လုံးဝမတွေ့ရတဲ့ ဒေသတခု ရှိနေပါတယ်။ ဒါကတော့ အာရက္ခတပ်တော် (AA) ထိန်းချုပ်နယ်မြေတွေပါ။

ရခိုင်ပြည် AA ထိန်းချုပ်နယ်မြေထဲ ပြည်မနဲ့ နိုင်ငံခြားထုတ်ကုန် ဘီယာ၊ အရက်၊ ဝိုင် စတဲ့ ယစ်မျိုးကုန်အားလုံးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကစပြီး အာဏာပိုင်တွေက စတင်သပိတ်မှောက်ခဲ့ပါတယ်။ စစ်တပ်ထုတ်ကုန် သုံးစွဲတာဟာ အာဏာသိမ်းစစ်တပ်ကို ကျည်ဆန်ဖြည့်ပေးရာ ရောက်တယ်ဆိုပြီး တင်သွင်းရောင်းချခွင့်အားလုံးကို ဒေသန္တရအမိန့်နဲ့ ပိတ်သိမ်းလိုက်တာပါ။ ဆိုတော့ အစပိုင်းမှာ ရခိုင်ပြည်တွင်းက ယမကာလုလင်တွေဟာ သူတို့ပုံမှန် မှီဝဲနေဆဲ စစ်တပ်ထုတ်ကုန် အရက်တွေကို အမဲလိုက် ရှာဖွေကြပါသေးတယ်။ အဲဒီတုန်းက လက်ကျန်အရက်တချို့ဟာလည်း မိုးထိမိုးမိ ဈေးတက်သွားပါတယ်။

---

**မောင်းမောင်**သည် ရခိုင်ပြည်တွင်းနေ အလွတ်တန်းဆောင်းပါးရှင်တဦး ဖြစ်သည်။

Grand Royal Special Reserve Whisky (ဂရမ်းရွှေ) တလုံးကို တသိန်းနှစ်သောင်း၊ Grand Royal Signature (ဂရမ်းအပြာ) တလုံးကို တသိန်း၊ Grand Royal Black (ဂရမ်းအမည်း) တလုံးကို ခုနစ်သောင်း၊ Grand Royal Smooth (ဂရမ်းစမုတ်) တလုံးကို ခုနစ်သောင်းကျပ်အထိ ဈေးပေးပြီး မှောင်ခိုဈေးကွက်ထဲ ဝယ်သောက်ကြပါသေးတယ်။ ဒါပေမဲ့ နောက်ဆုံးတော့လည်း အားမတန်မာန်လျှော့ကာ တောအရက်နောက် ကောက်ကောက်လိုက်ပါသွားကြတာပါပဲ။

ဒီနေ့မှာတော့ ဒေသထွက်အရက်တွေ ရင်ကော့ခေါင်းမော့ပါတယ်။ အရက်ဘီယာကို စွဲလမ်းစွာ မှီဝဲတတ်သူတွေဟာ ရွေးချယ်စရာမရှိတော့ ဒေသထုတ်ကုန်တွေဆီ မျက်နှာမူရပါတော့တယ်။ ဒီနေ့ ရခိုင်ပြည်မှာ တောအရက် ဒါမှမဟုတ် ထွေးညိုလို့ခေါ်ကြတဲ့ ရိုးရာအရက်ကို 'မချစ်သော်လည်း အောင့်ကာနမ်း' လာရပါတယ်။ ဒါနဲ့အတူ အရောင်အသွေး စုံလင်လှတဲ့ ဒေသထုတ် ယမကာတွေလည်း ခေတ်စားလာပါတယ်။ 'မြေစမ်း ခရမ်းပျိုး' စမ်းသပ်ထုတ်ကြည့်နေကြတာပါ။ တခါမှ မကြားဖူးတဲ့ ဝိုင်တွေ၊ တောအရက်နဲ့ စပ်ထားတဲ့ ကော့တေး၊ အုန်းရည်အရက် (ခနိအရက်) တွေပါ။ ဂျင်းဝိုင်၊ Discovery၊ Kam Thar Yar ဝိုင်ဆိုပြီး တံဆိပ်နာမအမျိုးမျိုးနဲ့ အရက်တွေ၊ ဝိုင်တွေ အပြိုင်းပြိုင်း ထွက်ပေါ်လာပါတယ်။

ဆန်ချက်အရက်ကိုတော့ ထမင်းနဲ့တစေး (yeast) ကို အဓိက ပေါင်းခံအငွေ့ထုတ်လုပ်ပါတယ်။ ပထမဆုံး ကျလာတဲ့ အရည်ကို အဦးရည်လို့ ခေါ်ကြပြီး နောက်မှကျတဲ့ အရည်ကိုတော့ အပျော့ရည်။ ဒါကိုရော စပ်လိုက်ရင် အစပ်ရည်လို့ ဆိုပါတယ်။ ဒီကနေ့ ရခိုင်ပြည်မှာ အဦးရည် တလီတာကို တသောင်းနဲ့ အစပ်ရည် တလီတာကို ခြောက်ထောင် ပေါက်ဈေးရှိပါတယ်။ ဆိုးဝါးတာတော့ မှီဝဲသူတွေရဲ့ ကျန်းမာရေးအန္တရာယ်ပါ။ FDA  ထောက်ခံချက်တွေ၊ အာမခံချက်တွေ လုံးဝမရှိတာကြောင့် ဘေးဥပါဒ် အသက်အန္တရာယ်က ကြိုနှင့်နေပါတယ်။ AA ပြောခွင့်ရ ဦးခိုင်သုခကတော့ ရခိုင်မှာရှိတဲ့ အရက်၊ ယမကာလုပ်ငန်းတွေကို FDA စစ်ဆေးတာရှိတယ်လို့ ပြောပေမဲ့ မြေပြင်က အရက်ချက်တဲ့ လူတွေကို မေးကြည့်တော့ စစ်ဆေးတာမရှိဘူးလို့ ဆိုပါတယ်။ အာရက္ခပြည်သူ့ကျန်းမာရေးဌာနရဲ့ ဇူလိုင်လက သတိပေးချက်မှာတော့ ရခိုင်ပြည်ထဲ သောက်သုံးနေကြတဲ့ တောအရက်မှာ အသက်သေစေနိုင်တဲ့ မက်သနော (methanol) အဆိပ်ဓာတ်ငွေ့ ငါးရာခိုင်နှုန်းကနေ ၁၂ ရာခိုင်နှုန်းထိ ပါနေတယ်လို့ ဆိုပါတယ်။ တောအရက်အနည်းငယ်ကို လက်ညှိုးမှာ ဆွတ်ပြီး မီးရှို့ကြည့်တဲ့အခါ ဟုန်းခနဲ မီးထတောက်တတ်ပါတယ်။ ဒီလိုမီးလောင်ကျွမ်းနေတာဟာ မက်သနောဓာတ်များစွာပါနေတဲ့ အဆိပ်ငွေ့ဖြစ်တယ်လို့ ဆရာဝန်တွေက ပြောပါတယ်။ ဒီအရက်ကို ရက်ပေါင်း ၉၀ (သုံးလခန့်) နေ့စဉ် မှီဝဲရုံနဲ့ အသည်းခြောက်ရောဂါ၊ အဆုပ်ပျက်စီးတာ၊ ဝမ်းဗိုက်ဖောရောင်တာတွေနဲ့ နောက်ပိုင်းမှာတော့ ခန္ဓာကိုယ် ပိန်ချုံးပြီး သွေးအန်တာ၊ အသည်းပျက်စီးပြီးတော့ နောက်ဆုံးအဆင့်ကို ရောက်နိုင်တယ်လို့ AA ကျန်းမာရေးအသိုင်းအဝိုင်းက သတိပေးပါတယ်။ ဒီထက်ဆိုးတာက အရက်တွေထဲ အရက်

ပြန်လို့ခေါ်တဲ့ (methylated spirit) ဆေးရည်တွေ ရောစပ်ပြီး ရောင်းချလာတာကို တွေ့နေရပါတယ်။ အရက်ပြန်မှာ ethanol အက်ဆစ် ၉၅ ရာခိုင်နှုန်းနဲ့ methanol ငါးရာခိုင်နှုန်းပါဝင်တာကြောင့် အရမ်းအန္တရာယ်များတယ်လို့ ဆိုပါတယ်။

ယမကာလုလင်တွေရဲ့ ပြောဆိုချက်အရ အခုအရက်တွေ မူးလာရင် စိတ်ကစဥ့်ကလျားဖြစ်တာ မကြာခဏရှိတတ်သလို သတိမေ့မြောတာ၊ ဘာမှမမှတ်မိတာတွေ ကြုံရတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ သောက်သုံးသူတွေ လျော့ကျမသွားပါဘူး။ မိုက်တွင်းနက်နေကြဆဲပါ။ ဒီနေ့ တောအရက်နေ့စဥ်သောက်သုံးလို့ အသည်းခြောက်ရောဂါနဲ့ သေဆုံးသူတွေရှိနေပြီလို့ ဒေသခံတွေနဲ့ ကျန်းမာရေးအသိုင်းအဝိုင်းက ပြောပါတယ်။ စာရင်းသိရဖို့ကတော့ ခဲယဥ်းပါတယ်။ တဖက်မှာလည်း မြန်မာနိုင်ငံမှာ စစ်ကောင်စီရဲ့အရက်ဘီယာလုပ်ငန်း ၂၅ မျိုးထက်မနည်းရှိနေပြီး ပြည်တွင်းသာမက ပြည်ပအထိပါ ဈေးကွက်ရှိတယ်လို့ ဆိုပါတယ်။ ဒီလိုစစ်တပ်ပိုင်ဘီယာအရက်တွေကို ရခိုင်မှာ ပိတ်လိုက်တာကြောင့် စစ်တပ်ပိုင် ဘီယာ၊ အရက်ဈေးကွက် တစိတ်တဒေသတော့ ထိခိုက်သွားမှာ သေချာပါတယ်။

ရခိုင်ပြည်တွင်း အရက်ပိတ်ပင်ခဲ့တုန်းက ပြည်သူတွေ ကောင်းချီးပေးခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ AA ကိုယ်တိုင်ဦးစီးကာ နိုင်ငံတကာစံချိန်မီ အရက်၊ ဘီယာတွေ ထုတ်လုပ်နိုင်မလားဆိုပြီး မျှော်လင့်ခဲ့ကြတာပါ။ ဒါပေမဲ့ 'မျှော်သာမျှော် မောင်တော် ပေါ်မလာ' ဆိုတဲ့ အနေအထားပါ။ ဒီအချက်မှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယကနေ အရက်တွေကို ခိုးသွင်းလို့မရဘူးလားလို့ မေးခွန်းတွေရှိပါတယ်။ လုံးဝမရပါ။ နယ်စပ်တွေမှာ သေချာစိစစ်ပြီး ပြင်းပြင်းထန်ထန် အရေးယူတာပါ။ တဖက်မှာလည်း နိုင်ငံခြားအရက်ဈေးနှုန်းဟာ မြန်မာငွေတွေနဲ့ဆို ဈေးကြီး ကွာဟတာလည်း ပါပါတယ်။

ကမ္ဘာ့သမိုင်းမှာ ရုရှားသမ္မတ မစ်ခေးဂေါ်ဘာချော့ဗ် (Mikhail Gorbachev) ခေတ်က VODKA (ဗော့ကာ) အရက်ကို ပိတ်ပင်ခဲ့ပါတယ်။ ရုရှားဟာ အအေးပိုင်းဒေသဖြစ်တာကြောင့် အားလုံး က ဗော့ကာကို မှီခိုကြပါတယ်။ အရက်ပိတ်လိုက်တာကြောင့် ရုရှားတွေဟာ ကိုယ့်ဘာသာ အရက်ချက်သောက်ကြလို့ အသက်ဆုံးရှုံးတာ အများအပြားရှိခဲ့တယ်လို့ ဆိုပါတယ်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကို တုံ့ပြန်တဲ့အနေနဲ့ ပြည်မမှာလည်း စစ်တပ်ထုတ်ကုန် ဘီယာ၊ အရက်တွေကို သပိတ်မှောက်ခဲ့ကြတာကို မှတ်မိပါသေးတယ်။ ဒီနေ့ ထိရောက်မှု ရှိ၊ မရှိ မသိပေမဲ့ ရခိုင်ပြည်မှာတော့ ဘီယာဆိုတာ စိတ်ကူးယဥ်ထက် မပိုတော့ပါ။ ရခိုင်ပြည်မှာ ပြည်မနဲ့ ပြည်ပထုတ်ကုန် အရက်၊ ဘီယာ ယစ်မျိုးစုံကုန်စည်တွေကို ပိတ်ပင်လိုက်တာ ကောင်းပါတယ်။ ဒါပေမဲ့လည်း ဒီကနေ့ ရခိုင်ပြည်တွင်းနေ ယမကာလုလင်တွေတော့ ကြီးလေးတဲ့ကျန်းမာရေးပြဿနာနဲ့ အသက်အန္တရာယ်ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရတာပါ။

ဒါကြောင့် ဒေသအာဏာပိုင်တွေဘက်ကလည်း ချင့်ချိန်သုံးသပ်ရမယ့် အခြေအနေရောက်နေပြီလို့ ဝေဖန်သံတွေလည်း ကြားနေရပါတယ်။ ဒီနေ့အထိ AA ဦးဆောင်လို့ဖြစ်ဖြစ်၊ ကုမ္ပဏီတွေကဖြစ်ဖြစ် အားလုံးလက်ခံနိုင်တဲ့ အရက် ဒါမှမဟုတ် ဘီယာတွေ မူပိုင်ခွင့်နဲ့ အစားထိုးထုတ်ကုန် တခုခု လိုအပ် လာပြီလို့ ပြောနေကြပါတယ်။ ပြည်မကလာတဲ့ အရက်ဘီယာတွေနဲ့ ဆယ်စုနှစ်များစွာ ကျွမ်းဝင် ခံတွင်းတွေ့ပြီးသား ရခိုင်တွေအဖို့တော့ ရင်ကွဲမတတ်ဖြစ်နေရုံကလွဲပြီး ရွေးချယ်စရာမရှိတော့ အာမခံချက်မဲ့တဲ့ ယမကာတွေနဲ့ ရောဂါကို ဖိတ်ခေါ်နေကြဆဲပါ။ ဘာပဲပြောပြော ဒီကနေ့မှာတော့ ဘီယာလုံးဝမတွေ့ရတဲ့ နေရာဟာ AA ထိန်းချုပ်နယ်မြေဖြစ်နေပါတယ်။ ဆိုတော့ မိတ်ဆွေတို့ အာရက္ခဒေသသို့ အလည်လာခဲ့ရင် ရှိတာလေးနဲ့ပဲ တည်ခင်းဧည့်ခံပါရစေလို့... ။ ■

မောင်းမောင်

# လိုင်စင်ရလက်နက်ကိုင် အဖွဲ့တစုတော့ ပေါ်လာပြီ

အဂ္ဂ

မြန်မာပြည်ထဲက သူ့အကျိုးစီးပွားတွေကို စစ်ကောင်စီတပ်တွေက ကာကွယ်မပေးနိုင်တော့ဘူးလို့ တရုတ်က ယုံကြည်ပြီးတဲ့နောက်မှာ သူ့ရဲ့လုံခြုံရေးကုမ္ပဏီတွေကို ပို့ချင်ခဲ့တာ ဖြစ်ပါတယ်။ ... အဖွဲ့စုံအရောင်စုံတိုက်နေတဲ့ မြန်မာ့ပြည်တွင်းစစ်မှာ မျက်နှာသစ်လက်နက်ကိုင်တွေ ထပ်တိုးလာပြီး အခြေအနေတွေ ပိုရှုပ်ထွေးလာမှာ သေချာနေပါတယ်။

ISP COLUMN

ဆူညံဗလံအသံမှသည်
ဉာဏ်လှိုင်းခတ် ဆင်ခြင်သံဆီသို့

ဒီဆောင်းပါးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှာ ISP-Myanmar ကနေ ဖော်ပြခဲ့ပါတယ်။ ဒီတနှစ်လုံးဖော်ပြခဲ့တဲ့ ISP Column တွေထဲမှာ ပရိသတ်တွေ တတိယမြောက်စိတ်အတွေ့ဆုံး၊ အဖတ်များဆုံးနဲ့ မျှဝေတုံ့ပြန်မှုအများဆုံး ဖြစ်ခဲ့ပါတယ်။ တရားဝင်သေနတ်ကိုင်ခွင့်ရှိတဲ့ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတွေဟာ တော်လှန်ရေးတပ်ဖွဲ့တွေနဲ့ ဘယ်လိုထိပ်တိုက်တွေ့မလဲ။ ကျားဖြန့်လုပ်ငန်းတွေလိုပဲ ရှုပ်ထွေးတဲ့ လက်နက်ကိုင် ပဋိပက္ခတွေ ဖြစ်လာဦးမလားဆိုတာ ဆွေးနွေးထားပါတယ်။

■ အယ်ဒီတာ

၃

# လိုင်စင်ရလက်နက်ကိုင်အဖွဲ့တခုတော့ ပေါ်လာပြီ

## အဂ္ဂ

စစ်တပ်ကို တော်လှန်နေတဲ့ ရာနဲ့ချီတဲ့လက်နက်ကိုင်တပ်တွေရှိနေတဲ့ မြန်မာနိုင်ငံမှာ လုံခြုံရေးကုမ္ပဏီ ဆိုတဲ့ခေါင်းစဉ်အောက်ကနေ လိုင်စင်ရလက်နက်ကိုင်အဖွဲ့တွေ ထပ်တိုးလာပါတော့မယ်။ စစ်ကောင်စီက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေကို ပြဋ္ဌာန်းလိုက်တာကြောင့်ပါပဲ။ ဒီဥပဒေဟာ မြန်မာ့ပြည်တွင်းစစ်ထဲကို လောင်စာတောင့်ပစ်ထည့်လိုက်သလိုပါ။

ဒီဥပဒေကြောင့် ပြည်တွင်းစစ်မှာ ရှုပ်ထွေးလာမယ့် အချက်နှစ်ချက်ကို ဆွေးနွေးချင်ပါတယ်။ ပထမတချက်က တော်လှန်ရေးတပ်ဖွဲ့တွေနဲ့ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတွေ ထိပ်တိုက်တွေ့နိုင်တဲ့ကိစ္စပါ။ ဒုတိယအချက်က ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတွေဟာ စစ်တပ်နဲ့တဖွဲ့တည်းလို့ သတ်မှတ်ခံရပြီး နောက်ဆက်တွဲပြဿနာတွေ ဖြစ်လာမယ့်ကိစ္စပါ။

ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတွေဟာ ‘လိုအပ်ချက်အရ’ သေနတ်ကိုင်ဆောင်ခွင့်ရလာပြီး ပြည်ပလုံခြုံရေးကုမ္ပဏီတွေကိုပါ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုထားပါတယ်။ ဒါကြောင့် သေနတ်ကိုင်ခွင့်ရတဲ့ နိုင်ငံခြားပိုင် လုံခြုံရေးကုမ္ပဏီတွေကို မြန်မာနိုင်ငံမှာ တွေ့ကြရဖို့ ရှိပါတယ်။ အထူးသဖြင့် တရုတ်ကုမ္ပဏီ

အဂ္ဂသည် မြန်မာ့နိုင်ငံရေးနှင့် စစ်ရေး လေ့လာသုံးသပ်သူဖြစ်သည်။

တွေပေါ့။ ဒီဥပဒေဟာ တရုတ်အလိုကျ ဖြစ်လာတဲ့ ဥပဒေဆိုတာ ကွယ်ဝှက်ထားလို့မရပါဘူး။ မြန်မာပြည်ထဲက သူ့အကျိုးစီးပွားတွေကို စစ်ကောင်စီတပ်တွေက ကာကွယ်မပေးနိုင်တော့ဘူးလို့ တရုတ်က ယုံကြည်ပြီးတဲ့နောက်မှာ သူ့ရဲ့လုံခြုံရေးကုမ္ပဏီတွေကို ပို့ချင်ခဲ့တာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နဲ့ မြန်မာနိုင်ငံအလယ်ပိုင်းမှာ တရုတ်ရင်းနှီးမြှုပ်နှံမှု ၂၃ ခု ရှိတဲ့အထဲ ၁၃ ခုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO) တွေနဲ့ ပြည်သူ့ကာကွယ်ရေးတပ်(PDF) တွေက ထိန်းချုပ်ထားပါတယ်။ ရခိုင်ပြည်နယ်က တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၁၁ ခုကိုလည်း အာရက္ခတပ်တော် (AA) က ထိန်းချုပ်ထားတာပါ။

ဥပဒေမှာတော့ ပြည်ပလုံခြုံရေးကုမ္ပဏီတွေမှာ ပြည်ပစစ်သားတွေ မခန့်ရဘူးလို့ ကန့်သတ်ထားပါတယ်။ ဒါပေမဲ့ တရုတ်ပုဂ္ဂလိ ကလုံခြုံရေးကုမ္ပဏီတွေဟာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) စစ်သားဟောင်းတွေနဲ့ ဖွဲ့စည်းထားတာပါ။

ပြည်ပမှာရှိတဲ့ တရုတ်လုံခြုံရေးကုမ္ပဏီတွေကို တရုတ်နိုင်ငံရဲ့ စစ်တပ်က မကိုင်တွယ်ဘဲ ထောက်လှမ်းရေးက ကိုင်တွယ်ရတာဖြစ်ပါတယ်။ လုံခြုံရေးကုမ္ပဏီတွေမှာ နိုင်ငံခြားသားဝန်ထမ်းကို ၂၅ ရာခိုင်နှုန်းပဲခန့်ဖို့ သတ်မှတ်ထားတာကြောင့် တရုတ်လုံခြုံရေးကုမ္ပဏီတွေအနေနဲ့ လက်ရွေးစင်တွေကိုပဲ ခေါ်လာမှာ ဖြစ်ပါတယ်။

လက်နက်ကိုင်တော်လှန်ရေးတပ်တွေရဲ့ ထိန်းချုပ်နယ်မြေထဲ ရောက်နေတဲ့ တရုတ်စီမံကိန်းတွေ၊ တိုက်ပွဲတွေ ဝိုင်းနေတဲ့ တရုတ်စီမံကိန်းတွေဆီကို တရုတ်လုံခြုံရေးကုမ္ပဏီတွေ ရောက်လာရင် အခြေအနေတွေ ပိုရှုပ်ထွေးလာမှာပါ။ ဒီဥပဒေမထွက်ခင်ကတည်းက မြန်မာနိုင်ငံမှာ ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီတွေကို အတွင်ကျယ်ဆုံး ပေါ်ပေါ်တင်တင် အသုံးပြုခဲ့တာကတော့ ကျားဖြန့်လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ တရုတ်နယ်စပ် လောက်ကိုင်နဲ့ ထိုင်းနယ်စပ် မြဝတီက ကျားဖြန့်လုပ်ငန်းတွေဟာ တရားမဝင် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတွေကို အသုံးပြုခဲ့ပါတယ်။ အဲဒီဒေသတွေက လမ်းတွေပေါ်မှာ လုံခြုံရေးအဖွဲ့တွေအချင်းချင်း အပြန်အလှန် ပစ်ခတ်ကြတာတွေကို တွေ့ခဲ့ရပြီးပါပြီ။

နောက်ထပ်ရှုပ်ထွေးမယ့် ပြဿနာတခုက ဒီလိုပါ။ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတွေဟာ လိုအပ်ရင် စစ်တပ် ဒါမှမဟုတ် ရဲတပ်ဖွဲ့တွေနဲ့ လုံခြုံရေးပူးပေါင်းဆောင်ရွက်ရမယ်ဆိုတဲ့အချက် ရှိပါတယ်။ အဲဒီလိုမလုပ်ဘူးဆိုရင် ထောင်နှစ်နှစ် ချခံရမှာ ဖြစ်ပါတယ်။ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမယ့်သတင်းမျိုး ရရှိရင် ရဲကို သတင်းပေးရမယ်လို့ ဆိုထားပြန်ပါတယ်။

တော်လှန်ရေးအဖွဲ့တွေဘက်ကကြည့်ရင် လုံခြုံရေးကုမ္ပဏီတွေဟာ စစ်တပ်နဲ့ တဖွဲ့တည်းလို ဖြစ်နေပြီး ရန်သူစာရင်းအသွင်းခံရမှာဖြစ်ပါတယ်။ ဒီတော့ အခြေအနေတွေက ရှုပ်သထက် ရှုပ်လာဖို့ရှိပါတယ်။ တဖက်ကကြည့်ရင်လည်း မြန်မာပြည်သူတွေဟာ အစိုးရက လုံခြုံမှုမပေးနိုင်တော့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရမှာဖြစ်ပါတယ်။ ငွေကြေးတတ်နိုင်တဲ့ ဘဏ်သူဌေးတွေနဲ့ လုပ်ငန်းရှင်တွေဟာ လုံခြုံရေးကုမ္ပဏီတွေကို သေချာပေါက် အသုံးပြုလာကြမှာပါ။ သက်တော်စောင့် အလုပ်တွေလည်း တရားဝင်ကျယ်ကျယ်ပြန့်ပြန့်ပေါ်လာပါလိမ့်မယ်။

ဘဏ်လုံခြုံရေးတွေနဲ့ သက်တော်စောင့်တွေ လက်နက်ကိုင်ခွင့် ရ၊ မရကတော့ မသေချာသေးပါဘူး။ နိုင်ငံခြားလုံခြုံရေးကုမ္ပဏီတွေ ဘယ်လောက်အတိုင်းအတာအထိ သေနတ်ကိုင်ရမလဲဆိုတာ မသိရသေးပါဘူး။ 'လုပ်ငန်းလိုအပ်ချက်အရ'ဆိုတဲ့ စကားလုံးနဲ့ လိုသလိုခွင့်ပြုဖို့ ဆင်ထားသလို တချိန်တည်းမှာပဲ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီအထိ သဘောထားယူရမယ်ဆိုတဲ့ အချက်နဲ့ တင်းကျပ်ထားပါတယ်။ လုံခြုံရေးကုမ္ပဏီတွေက ကိုယ့်ရဲ့အလုပ်ရှင်ကို သစ္စာခံကြမှာဖြစ်ပေမဲ့ ဥပဒေစည်းနှောင်မှုအရ မြန်မာစစ်တပ်ဘက်ကလို့ အမြင်ခံရနိုင်တာပါ။

အဖွဲ့စုံအရောင်စုံတိုက်နေတဲ့ မြန်မာ့ပြည်တွင်းစစ်မှာ မျက်နှာသစ်လက်နက်ကိုင်တွေ ထပ်တိုးလာပြီး အခြေအနေတွေ ပိုရှုပ်ထွေးလာမှာ သေချာနေပါတယ်။ ■

အဂ္ဂ

# ပြည်သူ့အသက်ကို
# ဦးစားပေးပါ

ဒေါက်တာဝင်းမော်

---

နိုင်ငံသားတွေအားလုံးရဲ့အသက်ကို ကာကွယ်ဖို့က အဓိကဦးစားပေးဖြစ်သင့်တာပါ။
CDM ဝန်ထမ်းတွေကို ပြန်လည်ခေါ်ယူတာ၊ ပိတ်ထားတဲ့ဆေးရုံတွေကို ပြန်ဖွင့်ခွင့်ပေးတာနဲ့
နိုင်ငံတကာအကူအညီတွေကို ထိထိရောက်ရောက် အသုံးချမှသာ ...
မြန်မြန်ဆန်ဆန် ပြန်လည်ထူထောင်နိုင်မှာ ဖြစ်ပါတယ်။

---

ISP COLUMN

ဆူညံဗလံအသံမှသည်
ဉာဏ်လှိုင်းခတ် ဆင်ခြင်သံဆီသို့

ဒီဆောင်းပါးကို ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှာ ISP-Myanmar ကနေ ဖော်ပြခဲ့ပါတယ်။
ဒီတနှစ်လုံးဖော်ပြခဲ့တဲ့ ISP Column တွေထဲမှာ ပရိသတ်တွေ စတုတ္ထမြောက်
စိတ်အတွေ့ဆုံး၊ အဖတ်များဆုံးနဲ့ မျှဝေတုံ့ပြန်မှုအများဆုံး ဖြစ်ခဲ့ပါတယ်။
ထိခိုက်ပျက်စီးမှုတွေ ကြီးမားလွန်းတဲ့ စစ်ကိုင်း-မန္တလေးငလျင်လို အကျပ်အတည်းကာလမှာ
နိုင်ငံရေးထက် ပြည်သူ့အသက်ကို ရှေ့တန်းတင်ပြီး CDM ကျန်းမာရေးဝန်ထမ်းတွေရဲ့
အားကို ရယူဖို့ အရေးကြီးတဲ့အကြောင်း ဆွေးနွေးထားတာပါ။

■ အယ်ဒီတာ

၄

# ပြည်သူ့အသက်ကို ဦးစားပေးပါ

## ဒေါက်တာဝင်းမော်

မြန်မာနိုင်ငံဟာ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှာ စစ်ကိုင်းပြတ်ရွေ့ကြောအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ပြင်းအား ၇ ဒသမ ၇ အင်အားကြီးမြေငလျင်ဒဏ်ကို အပြင်းအထန် ခံစားနေရပါတယ်။ မန္တလေးအပါအဝင် စစ်ကိုင်း၊ နေပြည်တော်တို့လို မြို့ကြီးတွေမှာ အဆောက်အအုံတွေ ပြိုကျတာ၊ ဒဏ်ရာရသူတွေနဲ့ အသက်ဆုံးရှုံးရသူတွေ များပြားလာတာကြောင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ပိုများပြားလာခဲ့ပြီး ဝန်နဲ့အား မမျှတဲ့အခြေအနေ ဖြစ်လာနေပါတယ်။ စစ်ကောင်စီက နိုင်ငံတကာကို အကူအညီတွေ တောင်းခံထားသလို နိုင်ငံတကာကလည်း အရေးပေါ်ကူညီမှုတွေ ဝင်ရောက်လာခဲ့ပါပြီ။ ထပ်ပြီးလည်း လာနေဆဲပါပဲ။

ဒါပေမဲ့ နိုင်ငံတကာအကူအညီတွေနည်းတူ အရေးပါတဲ့ ပြည်တွင်းအင်အားစုတခုလည်း ရှိနေပါတယ်။ ဒါကတော့ အာဏာမသိမ်းမီ နိုင်ငံအတွင်းက ကျန်းမာရေးဝန်ထမ်းစုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းဝန်းကျင် (အရေအတွက်အနေနဲ့ ၄၇,၂၆၄ ဦး) ရှိတဲ့ CDM ကျန်းမာရေးဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။ အခုအခြေအနေမှာ စစ်ကောင်စီအနေနဲ့ CDM ကျန်းမာရေးဝန်ထမ်းတွေကို လုံခြုံရေးအာမခံချက်ပေးပြီး ပြန်လည်ခေါ်ယူတာ၊ ပိတ်ထားတဲ့ ဆေးရုံတွေကို ပြည်သူအတွက် ဖွင့်ပေးတာတွေ လုပ်ဖို့


**ဒေါက်တာဝင်းမော်**သည် CDM ကျန်းမာရေးဝန်ထမ်းဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် ကျွမ်းကျင်သူလည်း ဖြစ်သည်။

အရေးတကြီးလိုအပ်ပါတယ်။ လျှော့ဘေးမှာ ကျန်းမာရေးစနစ်က အရေးပါပါတယ်။ လျှော့ဘေးကြောင့် ပြည်နယ်နဲ့တိုင်း ခြောက်ခုမှာ အိမ်ခြေရာမဲ့ဖြစ်သွားရသူတွေ၊ ဒဏ်ရာရသူတွေ၊ အသက်သေဆုံးသူတွေ ထောင်နဲ့ချီပြီး ရှိနေပါတယ်။ ဒီထက်လည်း ပိုပြီးများလာဖို့လည်း ရှိနေပါတယ်။ သာမန်အချိန်တွေမှာတောင် ပြည်သူ့ဆေးရုံတွေမှာ ဝန်ထမ်းအရေအတွက် နည်းပါးပြီး ဝန်ပိနေတာပါ။ အခုလို လျှော့ဘေးနဲ့ အရေးပေါ်အခြေအနေမှာ လုံလောက်တဲ့ ဆေးကုသမှုတွေပေးဖို့ မဖြစ်နိုင်ပါဘူး။ CDM ကျန်းမာရေးဝန်ထမ်းတွေဟာ အရည်အသွေးပြည့်ဝတဲ့ ဆရာဝန်၊ သူနာပြုတွေနဲ့ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတွေဖြစ်တာကြောင့် သူတို့ရဲ့အားကို အခုလို သဘာဝဘေးဒဏ်ခံနေရချိန်မှာ ပိုပြီးလိုအပ်နေပါတယ်။ ဒါကြောင့် CDM ဝန်ထမ်းတွေကို အာမခံချက်နဲ့ပြန်ခေါ်ဖို့ အရေးကြီးပါတယ်။ စစ်ကောင်စီအနေနဲ့ CDM ဝန်ထမ်းတွေကို အလုပ်ကနေ ထုတ်ပယ်တာ၊ ဖမ်းဆီးအရေးယူတာ၊ ထောင်ဒဏ်ချမှတ်တာတွေ လုပ်ခဲ့ပေမဲ့ အခုအချိန်မှာ ပြည်သူ့ကျန်းမာရေးကိုဦးစားပေးဖို့ အရေးကြီးပါတယ်။

အခုအချိန်မှာ စစ်ကောင်စီအနေနဲ့ အရေးတကြီးလုပ်သင့်တာ က (၁) CDM ဝန်ထမ်းတွေကို ဖမ်းဆီးအရေးယူမှာမဟုတ်တဲ့အကြောင်း တရားဝင်ကြေညာပေးဖို့လိုပါတယ်။ (၂) နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် သိပ်ပြီးလိုအပ်နေချိန်မှာ ကျန်းမာရေးဝန်ဆောင်မှုတွေပေးနိုင်ဖို့ မေတ္တာရပ်ခံပြီး ဖိတ်ခေါ်ရပါမယ်။ (၃) လျှော့ဘေးဒဏ်ခံစားရတဲ့ ဒေသတွေမှာ ပုဂ္ဂလိကဆေးရုံတွေ၊ အထူးကုဆေးခန်းတွေကို ပိတ်ပင်ထားတာဟာ ပြည်သူတွေရဲ့ အသက်အန္တရာယ်ကို ထပ်မံခြိမ်းခြောက်နေပါတယ်။ ဒါကြောင့် ပိတ်ထားတဲ့ ဆေးရုံတွေကို အရေးပေါ်ဖွင့်ခွင့်ပြုရပါမယ်။

အရေးအကြီးဆုံးကတော့ ပြည်သူ့အသက်ကို ဦးစားပေးတာပါပဲ။ အခုလို သဘာဝဘေးအန္တရာယ်ကာလမှာ နိုင်ငံသားတွေအားလုံးရဲ့အသက်ကို ကာကွယ်ဖို့က အဓိကဦးစားပေးဖြစ်သင့်တာပါ။ CDM ဝန်ထမ်းတွေကို ပြန်လည်ခေါ်ယူတာ၊ ပိတ်ထားတဲ့ ဆေးရုံတွေကို ပြန်ဖွင့်ခွင့်ပေးတာနဲ့ နိုင်ငံတကာအကူအညီတွေကို ထိထိရောက်ရောက် အသုံးချမှသာ မြန်မာနိုင်ငံကို လျှော့ဘေးဒဏ်ကနေ မြန်မြန်ဆန်ဆန်ပြန်လည်ထူထောင်နိုင်မှာ ဖြစ်ပါတယ်။ ကျန်းမာရေးစနစ်ရဲ့ခိုင်မာမှုဟာ နိုင်ငံတခုရဲ့အနာဂတ်အတွက် အရေးပါတဲ့အချက်ဖြစ်တာကြောင့် စစ်ကောင်စီအနေနဲ့ နိုင်ငံရေးအရ ခွဲခြားမနေဘဲ လူသားချင်းစာနာထောက်ထားမှုကို အခြေခံတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ဖို့ အရေးပေါ်လိုအပ်နေပါပြီ။ ■

ဒေါက်တာဝင်းမော်



# နိုင်ငံရေးသမားကို ဆယ်လီ ဇာတ်သွင်းခြင်း

အုန်းညို

တော်လှန်ရေးကာလမှာ ရန်ပုံငွေရှာဖွေပေးနိုင်တဲ့ အင်အားကြောင့် နိုင်ငံရေးအရ ပြောရေးဆိုခွင့်ရှိသူဆန်ဆန်၊ ခေါင်းဆောင်ဆန်ဆန် ပြောခွင့်အနေထားတွေ ရသွား၊ ရှိသွားတာကလည်း စိုးရိမ်ဖွယ်ပါ။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က တော်လှန်ရေးအစိုးရဝန်ကြီးဆိုသူကပါ တော်လှန်ရေးဆယ်လီ ရန်ပုံငွေရှာဖွေသူတဦးကို ပြန်လည်တောင်းပန်ရတဲ့အထိ ဆယ်လီအရှိန်အဝါက ကြီးလာခဲ့ပါတယ်။

ISP COLUMN

ဆုညံ့ဗလံအသံမှသည် ဉာဏ်လှိုင်းခတ် ဆင်ခြင်သံဆီသို့

ဒီဆောင်းပါးကို ၂၀၂၅ ခုနှစ် မတ် ၂ ရက်မှာ ISP-Myanmar ကနေ ဖော်ပြခဲ့ပါတယ်။ ဒီတနှစ်လုံးဖော်ပြခဲ့တဲ့ ISP Column တွေထဲမှာ ပရိသတ်တွေ ပဋ္ဌမမြောက် စိတ်အတွေ့ဆုံး၊ အဖတ်များဆုံးနဲ့ မျှဝေတုံ့ပြန်မှုအများဆုံး ဖြစ်ခဲ့ပါတယ်။ တော်လှန်ရေးကာလမှာ ဆယ်လီတွေရဲ့ အခန်းကဏ္ဍက အရေးပါပေမဲ့ နိုင်ငံရေးဦးဆောင်မှုနဲ့ တော်လှန်ရေးစံနှုန်းတွေအပေါ် မှားယွင်းတဲ့ သက်ရောက်မှုတွေ ဖြစ်မလာအောင် သတိထားဖို့လိုတဲ့အကြောင်း ဆွေးနွေးထားပါတယ်။

■ အယ်ဒီတာ

၅

# နိုင်ငံရေးသမားကို ဆယ်လီဇာတ်သွင်းခြင်း

## အုန်းညို

ဆယ်လီဆိုတဲ့ စကားလုံး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ရေပန်းစားလာတာ ဆယ်စုနှစ်တခုလောက်ပဲ ရှိပါသေးတယ်။ ဖျော်ဖြေရေးနယ်ပယ်မှာ ကျော်ကြားသူလို့ အဓိပ္ပာယ်ရတဲ့ အင်္ဂလိပ်စကားလုံး celebrity ရဲ့ အတိုကောက် cele (ဆယ်လီ) ဆိုတဲ့ စကားလုံး မတွင်ကျယ်ခင်ကတော့ မြန်မာပြည် ဖျော်ဖြေရေးကဏ္ဍက ကျော်ကြားသူတွေကို စတား၊ အနုပညာရှင် စသည်ဖြင့်ပဲ ခေါ်ခဲ့ကြတာပါ။

လူမှုကွန်ရက်စာမျက်နှာတွေ ခေတ်စားလာတဲ့ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှ ဒီစကားလုံးက ရေပန်းစားလာပါတယ်။ ဖေ့ဘုတ်နဲ့ယူကျု စာမျက်နှာတွေမှာ စောင့်ကြည့်သူ(follower) များတဲ့သူတွေကိုပါ ဆယ်လီလို့ အမည်ပေးအသိမှတ်ပြုမှုတွေ ရှိလာပါတယ်။

ဒီဆယ်လီယဉ်ကျေးမှုဟာ မြန်မာ့နိုင်ငံရေးနယ်ပယ်ကိုပါ သက်ရောက်မှုရှိခဲ့ပါတယ်။ လူထုအကြား ကျော်ကြားတဲ့ပုဂ္ဂိုလ်တွေရဲ့ အားဟာ နိုင်ငံရေးအတွက် အရေးကြီးတဲ့ ကြားခံနယ်ဖြစ်တာကို မြန်မာ့နိုင်ငံရေးမှာ ပေါ်ပေါ်လွင်လွင် တွေ့နိုင်ပါတယ်။

---

**အုန်းညို**သည် ရန်ကုန်တက္ကသိုလ်ကျောင်းသားဟောင်း ဖြစ်သည်။

၂၀၁၂ ခုနှစ် ကြားဖြတ်နဲ့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဟာ မြန်မာ့နိုင်ငံရေးသမိုင်းတလျှောက် အရေးပါတဲ့မိုင်တိုင်တွေ ဖြစ်သလို အနီးခေတ်မြန်မာပြည်မှာ ဆယ်လီတွေရဲ့ပါဝင်မှုကို ထင်ထင်ရှား ရှားတွေ့ရတဲ့ ပွဲတွေဆိုရင်လည်း မမှားပါဘူး။ ၂၀၁၁ မှာစတဲ့ တံခါးဖွင့်ခေတ်မတိုင်မီတုန်းက စစ် အစိုးရရဲ့ ဝါဒဖြန့်ဇာတ်ကားတွေနဲ့ သီချင်းတွေမှာ ကျော်ကြားတဲ့ အနုပညာရှင်တွေ ပါဝင်သရုပ်ဆောင် ခဲ့ရတာမျိုးရှိပေမဲ့ စစ်အုပ်စုနောက်ခံမဟုတ်တဲ့ နိုင်ငံရေးပါတီတရပ်အတွက် ဆယ်လီတွေ အင်တိုက် အားတိုက်ပါဝင်ကြတာကတော့ ၂၀၁၂၊ ၂၀၁၅ နဲ့ ၂၀၂၀ ရွေးကောက်ပွဲတွေမှာ အထင်ရှားဆုံးပါပဲ။

လူထုအပေါ်လွှမ်းမိုးမှုရှိတဲ့ အနုပညာရှင်နဲ့ ဆယ်လီတွေရဲ့အားကို နိုင်ငံရေးလှုပ်ရှားမှုအတွက် အား ထားအသုံးပြုတာမျိုးကို နိုင်ငံတကာနိုင်ငံရေးစင်မြင့်မှာလည်း တွေ့ရလေ့ရှိပါတယ်။ ဒါပေမဲ့ နိုင်ငံရေး သမားနဲ့ political stakeholder တွေကို ဆယ်လီပုံစံ သွတ်သွင်းမှုတွေကတော့ မြန်မာပြည် လူမှု ကွန်ရက်လောကမှာပဲ ရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ အရပ်သားအစိုးရတက်လာပြီးတဲ့နောက် လူမှု ကွန်ရက်မှာ ပြည်သူလူထုအကြား နာမည်ကြီးတဲ့ နိုင်ငံရေးသမားနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ် စတဲ့ ပုဂ္ဂိုလ်တွေကို ဆယ်လီတွေလို We Love Group အမည်ရ အုပ်စုဖွဲ့ထောက်ခံမှုတွေ (Fandom) လုပ် ကြ၊ ဟာသဆန်ဆန်ရေးသား၊ ထောက်ခံသူတွေ စုရုံးပြီး ဆယ်လီတယောက်ပုံစံ ပုံဖော်မှုတွေ လုပ် ကြတာတွေ ရှိပါတယ်။ ဒီလိုလုပ်ဆောင်မှုတွေက တဖက်မှာတော့ နိုင်ငံရေးသမားဆိုတဲ့ သူ့မူလဘူ တဇာစ်မြစ်သရုပ်နဲ့ တာဝန်ကို မှိန်ဖျော့စေတယ်လို့ ထင်ပါတယ်။ ဥပမာ တိုင်းဒေသကြီးဝန်ကြီးချုပ် တဦးရဲ့ နိုင်ငံရေးရပ်တည်ချက်နဲ့ စွမ်းဆောင်ရည်ဟာ အထူးဝေဖန်ခံရဖို့ ထိုက်တန်ပေမဲ့ သူ့ကို ထောက်ခံသူတွေအတွက်ကတော့ သူ့ရဲ့ကျော်ကြားမှုတွေအပေါ် သည်းခံနိုင်မှုက ပိုအရေးပါခဲ့တာ မျိုးတွေပါ။ ဒီအတွက် နိုင်ငံရေးသမားတယောက် ရင်ဆိုင်ရမယ့် မူဝါဒပိုင်းဆိုင်ရာ ထောက်ပြပြောဆို မှုတွေက လူထုကြားထဲ ရောက်သင့်သလောက် မရောက်တာတွေ ဖြစ်ခဲ့ရပါတယ်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်စဉ်အပြီးမှာလည်း ဆယ်လီတွေ ဆက်လက်ပါဝင်ကြပါတယ်။ ဒီ အခြေနေမှာ အရင်က ဝန်းရံသူဆယ်လီဆိုတဲ့ အနေအထားကနေ နိုင်ငံရေးပုံရိပ်ကို တည်ဆောက် နိုင်တဲ့အနေအထားထိ ဖြစ်လာပါတယ်။ ဒါပေမဲ့ ဒီလိုအခြေနေမှာ မေးခွန်းထုတ်စရာက သာမန် မဟုတ်တဲ့ နိုင်ငံ့အခြေအနေမှာ တော်လှန်ရေးအစိုးရလို့ အမည်ခံထားသူတွေကလည်း နိုင်ငံရေးအရ လူထုကို လမ်းညွှန်နိုင်တာ၊ မူဝါဒ ဦးဆောင်မှုပေးနိုင်တာမျိုး ရှိမနေတာပါ။ တော်လှန်ရေးကို ဘယ်နှစ် မှာ အဆုံးသတ်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေကိုသာ လူထုက ကြားခဲ့ရပါတယ်။

လေးနှစ်တာကာလမှာ တော်လှန်ရေးအစိုးရဆီကနေ နိုင်ငံရေးအရ ဟောပြောမှုတွေဆိုတာ မတွေ့ ရသလောက်ဖြစ်ပြီး တော်လှန်ရေးနဲ့ပတ်သက်တဲ့ စကားဝိုင်းတွေမှာ တော်လှန်ရေးဆယ်လီတွေက တစတစ နေရာယူလာကြပါတယ်။

စစ်တပ်ထုတ်ကုန် သပိတ်မှောက်ရေး လှုပ်ရှားမှုတွေကစလို့ တော်လှန်ရေးရဲဘော်တွေအတွက် ရိက္ခာနဲ့ လက်နက်တပ်ဆင်ရေးအတွက် နိုးဆော်မှုတွေအထိ ဆယ်လီတချို့ရဲ့ ပါဝင်မှုကို ကျယ်ကျယ်ပြန့်ပြန့်တွေ့လာရပါတယ်။ နိုင်ငံရေးမျိုးဆက်အသီးသီးက နိုင်ငံရေးခေါင်းဆောင်တချို့ရဲ့ တိုက်တွန်းတဲ့ ဟောပြောမှုတွေထက် ဆယ်လီတွေရဲ့ နိုးဆော်အားက လူထုအကြားမှာ ပိုထိုးဖောက်နိုင်နေတာကလည်း နိုင်ငံရေးအရှိတရားတရပ်ဖြစ်လို့နေပါတယ်။

တော်လှန်ရေးကာလမှာ ရန်ပုံငွေရှာဖွေပေးနိုင်တဲ့ အင်အားကြောင့် နိုင်ငံရေးအရ ပြောရေးဆိုခွင့်ရှိသူဆန်ဆန်၊ ခေါင်းဆောင်ဆန်ဆန် ပြောခွင့်အနေအထားတွေရသွား၊ ရှိသွားတာကလည်း စိုးရိမ်ဖွယ်ပါ။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က တော်လှန်ရေးအစိုးရ ဝန်ကြီးဆိုသူကပါ တော်လှန်ရေးဆယ်လီ ရန်ပုံငွေရှာဖွေသူတဦးကို ပြန်လည်တောင်းပန်ရတဲ့အထိ ဆယ်လီအရှိန်အဝါက ကြီးလာခဲ့ပါတယ်။

အရေးကြီးတာက တော်လှန်ရေးရန်ပုံငွေ ရှာဖွေတာကစလို့ နိုင်ငံရေးဆွေးနွေးပွဲတွေ၊ နောက်ဆုံးစစ်သင်တန်းဆင်းပွဲတွေအထိပါ ပါဝင်လာတဲ့ တော်လှန်ရေးထဲက ဆယ်လီတွေအနေနဲ့ နိုင်ငံသစ်တည်ဆောက်ရေး၊ စစ်အာဏာရှင်တိုက်ဖျက်ရေးတိုက်ပွဲအတွက် ပြောဆိုတဲ့အခါမှာ ပြည်သူကိုမျက်နှာမှုဖို့နဲ့ လူသားဆန်တဲ့ တော်လှန်ရေးရဲ့ နှုန်းစံတွေကို လိုက်နာပြီး ဝေမျှဖို့ကို မမေ့လျော့ဖို့ပါ။ ဒီမိုကရေစီအရေးအတွက် ရပ်တည်တာဟာ လေးစားရမှာဖြစ်ပေမဲ့ မိမိတို့ဟာ တော်လှန်ရေးထဲမှာ ထဲထဲဝင်ဝင် ပါဝင်ခဲ့သူတွေဖြစ်တယ်၊ ရှိခဲ့တဲ့ဘဝအခြေနေတွေကို စွန့်ခဲ့တယ်ဆိုပြီး ပြည်တွင်းနေပြည်သူတွေကို တတိယနိုင်ငံကနေ ကြိမ်းမောင်းတာမျိုးကိုလည်း ရှောင်ရှားရမှာပါ။ နိုင်ငံရေးနဲ့ပတ်သက်လို့ ဆွေးနွေးပြောဆိုတဲ့အခါမှာလည်း လူသားဆန်မှုအခြေခံရှုထောင့်ကနေ လူထုကို တိုက်တွန်းနိုးဆော်မှသာ သင့်လျော်မှန်ကန်ပါလိမ့်မယ်။ တော်လှန်ရေးထဲက ဆယ်လီတဦးပြောသလို 'တော်လှန်ရေးပြီးတဲ့အခါ Non CDM တွေကို ဝက်ခြံထဲကနေ ရှုံးပွဲကြည့်ခိုင်းမယ်' ဆိုတာမျိုးဟာ လူ့အခွင့်အရေးစံနှုန်းတွေကနေ သွေဖည်စေသလို အန္တရာယ်လည်း များပါတယ်။ ဒါ့အပြင် ပြည်တွင်းကနိုင်ငံရေးအင်အားစုတွေအပေါ် ကိုယ်နဲ့ ချဉ်းကပ်ပုံမတူရုံနဲ့ စစ်တပ်လူအဖြစ်တံဆိပ်ကပ်၊ ဖြတ်သန်းမှုတန်ဖိုးတွေမေးမှိန်အောင် လူထုအကြား ပုံဖျက်တာတွေကိုလည်း မလုပ်အပ်ပါဘူး။ မှန်ကန်တဲ့အတွေးအခေါ်နဲ့ ပြောဆိုစည်းရုံးနိုင်ဖို့လည်း နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းတွေက ထိန်းကျောင်းပေးနိုင်ဖို့လိုအပ်ပါတယ်။ ဒါဟာ စစ်အာဏာရှင် တော်လှန်ရေးရဲ့ အနှစ်သာရကို ပေါ်လွင်ထင်ရှားစေရုံသာမကပဲ တော်လှန်ရေးအလွန် ပြန်လည်တည်ဆောက်ရေးအတွက်ပါ အရေးကြီးတဲ့ ကဏ္ဍတရပ်ဖြစ်ပါတယ်။

ဒီလို ထိန်းကျောင်းမှုတွေ ရှိ၊ မရှိ မသိရပေမဲ့ တော်လှန်ရေးအစိုးရကတော့ လက်ရှိအချိန်ထိ ဝေဖန်မှုတွေကြုံရတိုင်း တော်လှန်ဆယ်လီတွေရဲ့အားကို အသုံးချနေရဆဲပါပဲ။ တော်လှန်ရေးအစိုးရအပေါ် ဝေဖန်မှုတွေရလာတိုင်း ဆယ်လီတွေရဲ့ ပြန်လည်ကာကွယ်မှုတွေကို လူမှုကွန်ရက်မှာတွေ့နေရတာ ▶

ပုံသေနည်းလို ဖြစ်နေပါပြီ။ ဒါတွေဟာ တော်လှန်ဆယ်လီတွေရဲ့ အားအပေါ် တော်လှန်ရေးအစိုးရက ဘယ်လောက်မှီခိုနေရတယ်ဆိုတာ ပေါ်လွင်စေပါတယ်။

ဒါကြောင့်လည်း ဆယ်လီတွေ နိုင်ငံရေးအရပြောဆိုလာတဲ့ကိစ္စတွေအပေါ်မှာ ဝင်ရောက်ထိန်းကျောင်းနိုင်ဖို့ အားနည်းစေတာလည်းဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံရေးအရ ဦးဆောင်မှုပေးနေသင့်တဲ့ အစိုးရအဖွဲ့အစည်းဟာ ဆယ်လီဆန်ဆန် ပေါ်ပြူလာဖြစ်ချင်လို့ မရသလို ဆယ်လီတွေရဲ့အားနဲ့ပဲ အမြဲထောက်ခံမှုရယူလို့ မဖြစ်ပါဘူး။ တိုတိုပြောရရင် ဆယ်လီအစိုးရ ဖြစ်ချင်လို့မရပါဘူး။ နိုင်ငံရေးသမားတွေကို ပုဂ္ဂိုလ်ရေးကိုးကွယ်မှု အခြေခံ ဆယ်လီပုံသွင်းခြင်း ကင်းရှင်းကြပါစေ။ လူသားဆန်မှုအခြေခံ တော်လှန်ရေးနှုန်းစံများ ပြန့်ပွားနိုင်ပါစေ။ ■

အုန်းညို

# စစ်ခေါင်းဆောင်
# မဖွင့်ရဲသော
# တံခါးတချပ်

အဂ္ဂ

ရွေးကောက်ပွဲသာ ဖြစ်မြောက်ခဲ့ရင်
ချုပ်ကိုင်ထားတဲ့ အာဏာတွေကို ပြန်ခွဲပေးရမှာဖြစ်ပြီး
အဲဒီအခါ 'အာဏာစင်ပြိုင်'တွေ ပေါ်လာမှာဖြစ်တာကြောင့်
ရွေးကောက်ပွဲကနေ အကျိုးအမြတ်အနည်းဆုံးရမှာက
သူဖြစ်နေလို့ပါပဲ။

ISP COLUMN

ဆူညံဗလံအသံမှသည်
ဉာဏ်လိုင်းခတ် ဆင်ခြင်သံဆီသို့

ဒီဆောင်းပါးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှာ ISP-Myanmar ကနေ ဖော်ပြခဲ့ပါတယ်။ ဒီတနှစ်လုံးဖော်ပြခဲ့တဲ့ ISP Column တွေထဲမှာ ပရိသတ်တွေ ဆဋ္ဌမမြောက် စိတ်အတွေ့ဆုံး၊ အဖတ်များဆုံးနဲ့ မျှဝေတုံ့ပြန်မှုအများဆုံး ဖြစ်ခဲ့ပါတယ်။ အာဏာကို တဦးတည်း လက်ဝါးကြီးအုပ်ထားလိုတဲ့ စစ်ခေါင်းဆောင်ဟာ လွှတ်တော်တံခါးတွေဖွင့်ပြီး လက်ရှိရယူထားတဲ့ ယာယီသမ္မတ၊ ဝန်ကြီးချုပ်နဲ့ ကာကွယ်ရေးဦးစီးချုပ်ရာထူးတွေ ခွဲဝေပေးရမယ့်လမ်းကို ရွေးချယ်ပါ့မလားဆိုတာ သုံးသပ်တင်ပြထားပါတယ်။

■ အယ်ဒီတာ

၆

# စစ်ခေါင်းဆောင် မဖွင့်ရဲသော
## တံခါးတချပ်

### အဂ္ဂ

ဖေဖော်ဝါရီ ၁ ရက်ကို အာဏာသိမ်းနှစ်ပတ်လည်နေ့အဖြစ် မြန်မာပြည်သူတွေ မှတ်မိနေကြပေမဲ့ နောက်ထပ်အရေးကြီးတဲ့ ရက်စွဲတခုလည်းဖြစ်နေပြန်ပါတယ်။ အဲဒီနေ့ဟာ လွှတ်တော်တွေရဲ့ တတိယ သက်တမ်းကို စတင်မယ့်နေ့ ဖြစ်ပါတယ်။

လွှတ်တော်ကနေ အစိုးရအဖွဲ့ကို တင်မြှောက်မယ့် အစီအစဉ်တွေကို အဖြစ်မခံတော့ဘဲ မြန်မာပြည် သူသန်းချီရဲ့ ဆန္ဒမဲတွေကို မျက်ကွယ်ပြုပြီး စစ်တပ်က အာဏာသိမ်းခဲ့ပါတယ်။ လွှတ်တော်ဆိုတာ အာဏာအထိန်းအထေရဲ့ ရေသောက်မြစ်တွေဖြစ်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး တွေအပါအဝင် အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရွေးကောက်ပွဲကော်မရှင်၊ လူ့အခွင့်အရေးကော်မရှင်နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တွေလို သီးခြားလွတ်လပ်တဲ့ အင်စတီကျူးရှင်းအသီးသီး ကို ဖွဲ့စည်းအတည်ပြုပေးရာ နေရာဖြစ်ပါတယ်။

လွှတ်တော်ခေါ်ပြီး အစိုးရသစ်တရပ် တင်မြှောက်နိုင်ခဲ့ရင် အရပ်ဘက်က နိုင်ငံရေးသမားတွေဟာ ပြည်ထောင်စုအင်္ဂါစဉ်မှာ ဗိုလ်ချုပ်ကြီးတွေရဲ့ရှေ့ကနေ နေရာယူနိုင်ကြမှာဖြစ်ပါတယ်။

---

အဂ္ဂသည် မြန်မာ့နိုင်ငံရေးနှင့် စစ်ရေး လေ့လာသုံးသပ်သူဖြစ်သည်။

အာဏာသုံးရပ်လုံးကို ကိုင်စွဲပြီး တကိုယ်တော်ရှိုးလုပ်နေတဲ့ စစ်ခေါင်းဆောင်အနေနဲ့ လွှတ်တော် အစီအစဉ်တွေကို မနှစ်သက်နိုင်ဘူးဆိုတာ သံသယဖြစ်စရာမရှိပါဘူး။ စစ်ခေါင်းဆောင်ဟာ အာဏာ သိမ်းပြီး လေးနှစ်အတွင်း နိုင်ငံတဝန်းကို ခရီးစဉ်တွေထွက်ခဲ့ပေမဲ့ နေပြည်တော်က လွှတ်တော်တွေနဲ့ တော့ တခါမှ ယှဉ်တွဲမြင်ခဲ့ရတာ မရှိပါဘူး။ လွှတ်တော်နဲ့ ခြံစည်းရိုးပဲခြားတဲ့ သမ္မတအိမ်တော်ကို အကြိမ်ပေါင်းများစွာ ရုံးသွားတက်တဲ့ ဗိုလ်ချုပ်မှူးကြီးဟာ လွှတ်တော်ဘက်ကို ခြေဦးမလှည့်ခဲ့ပါ ဘူး။ လှည့်ရမယ့် ခေါင်းစဉ်လည်း မရှိပါဘူး။ အာဏာသိမ်းပြီးချိန် အရေးပေါ်ကာလတနှစ်ပြည့်တဲ့ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှာ နောက်ထပ်ခြောက်လအတွင်း ရွေးကောက်ပွဲလုပ်ပေးမယ်လို့ ကြေညာနိုင်တဲ့အခွင့်အရေးကို ရခဲ့ပေမဲ့လည်း မျက်ကွယ်ပြုခဲ့ပါတယ်။

အာဏာသိမ်းစစ်ခေါင်းဆောင်တွေနဲ့ ပြည်သူတွေကိုကိုယ်စားပြုတဲ့ လွှတ်တော်တွေဆိုတာ ဘုန်းကြီး နဲ့ဘီးလို မသက်ဆိုင်တဲ့ အရာတွေမဟုတ်ပါလား။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ၁၉၆၂ ခုနှစ် အာဏာသိမ်းမှု ကြောင့် လွှတ်တော်တံခါးတွေ ပိတ်သွားခဲ့ရတာ ဆယ်စုနှစ် ငါးခုနီးပါး ကြာခဲ့ပါတယ်။ ဗိုလ်ချုပ်မှူး ကြီး သန်းရွှေလက်ထက်မှာတော့ ‘မြန်မာ့နိုင်ငံရေး ၂၀၀၈ မော်ဒယ်’ ကို ပုံဖော်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှာ လွှတ်တော်တွေ ပြန်ပေါ်လာခဲ့ပါတယ်။

စစ်တပ်အာဏာသိမ်းဓလေ့နဲ့ ယဉ်ပါးနေတဲ့နိုင်ငံမှာ အာဏာအထိန်းအထေနဲ့ပတ်သက်ပြီး ဓာတ်မ တည့်မှုကို ဦးသိန်းစိန်အစိုးရနဲ့ သူရဦးရွှေမန်းလွှတ်တော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော် နဲ့ စစ်တပ်တို့အကြား အကွဲအပြဲတွေမှာ မြင်ခဲ့ရပြီးဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်က အနိုင်ရခဲ့ပေမဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ တတိယအကြိမ်လွှတ်တော်ရဲ့ တံခါးတွေကို ဖွင့်ခွင့်မပေးခဲ့ပါဘူး။ ‘ပြည်သူတွေရဲ့အသံ’လို့ တင်စားကြတဲ့ လွှတ်တော်တံခါးတွေကို ပိတ်လိုက်တာဟာ အကျိုးဆက်အဖြစ် အထွေထွေအကျပ်အတည်းကြီးထဲကို မြန်မာပြည်သူသန်း ပေါင်းများစွာ ဆိုက်ရောက်ခဲ့ရတာပဲဖြစ်ပါတယ်။ နောက်ပြီး အထိအခိုက်အရှုံးအနာများတဲ့ လက်နက် ကိုင်တော်လှန်ရေးဆီ သွားတဲ့လမ်းကို ဖွင့်ပေးလိုက်သလို ဖြစ်စေခဲ့ပါတယ်။

အခု ၂၀၂၅ ခုနှစ်ထဲမှာ ရွေးကောက်ပွဲလုပ်မယ်လို့ စစ်ခေါင်းဆောင်က လေသံပစ်ထားပါတယ်။ အတိုက်အခံတွေကတော့ အပြင်းအထန် ကန့်ကွက်နေကြပါတယ်။ ဒါပေမဲ့ စစ်ခေါင်းဆောင်ကိုယ် တိုင်ကရော ရွေးကောက်ပွဲလုပ်ပေးဖို့ အားတက်သရော ရှိပါ့မလားဆိုတာကတော့ သံသယဖြစ်စရာ ပါ။ ရွေးကောက်ပွဲသာဖြစ်မြောက်ခဲ့ရင် ချုပ်ကိုင်ထားတဲ့ အာဏာတွေကို ပြန်ခွဲပေးရမှာဖြစ်ပြီး ဒီအခါ ‘အာဏာစင်ပြိုင်’တွေ ပေါ်လာမှာဖြစ်တာကြောင့် ရွေးကောက်ပွဲကနေ အကျိုးအမြတ်အနည်းဆုံးရ မှာက သူ ဖြစ်နေလို့ပါပဲ။

ယာယီသမ္မတ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စတဲ့ လုပ်ပိုင်ခွင့်တွေကို တယောက်တည်းချုပ်ကိုင်ထားရာကနေ လက်လွှတ်လိုက်ရတော့မှာဖြစ်လို့ပါပဲ။ လက်ရှိ သူလုပ်ခွင့်ရနေတဲ့ တကိုယ်တော် ထင်တိုင်းကြဲနေခွင့်တွေ ဆုံးရှုံးသွားနိုင်ပါတယ်။ ဒီအချက်ကို အရပ်သားတပိုင်းအစိုးရလို့ တင်စားလေ့ရှိတဲ့ ဦးသိန်းစိန်အစိုးရကာလကို လှမ်းပြီးပြန်ကြည့်ရင်ပဲ မြင်နိုင်ပါတယ်။

အာဏာရှင်ဗိုလ်ချုပ်မှူးကြီးအတွက် ရွေးကောက်ပွဲဟာ နိုင်ငံရေးထွက်ပေါက်လို့ဆိုစေဦးတော့  လွှတ်တော်တံခါးတွေကို အမှန်တကယ်ပဲ သူ ဖွင့်ချင်ပါရဲ့လား။ ဖွင့်ရဲပါ့မလား။ ■

အဂ္ဂ

# လူငယ်တွေကို ဘယ်လို ကယ်ထုတ်မလဲ

ကိုဆေး

အမေတို့ခေတ်က ပိုင်းကောင်းကျောက်ဖိ အမျိုးသမီးတယောက်လို
ညနေ ၆ နာရီလောက်ဆိုရင် … လမ်းထိပ်ပင်မထွက်ရဲတော့။ ဒါပေမဲ့ ဧည့်စာရင်းအကြောင်းပြ
ဖမ်းခေါ်သွားနိုင်တယ်ဆိုတဲ့အသိကလည်း စိတ်ကိုကြိမ်းမောင်းသတိပေးနေပြန်တယ်။
ညဘက် ခွေးဟောင်သံကြားတိုင်း အိမ်အပြင်ဘက် ထချောင်းကြည့်ရတာ စိတ်ပင်ပန်းလွန်းလှတယ်။

ISP COLUMN

ဆူညံဗလံအသံမှသည်
ဉာဏ်လိှုင်းခတ် ဆင်ခြင်သံဆီသို့

ဒီဆောင်းပါးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှာ ISP-Myanmar ကနေ ဖော်ပြခဲ့ပါတယ်။
ဒီတနှစ်လုံးဖော်ပြခဲ့တဲ့ ISP Column တွေထဲမှာ ပရိသတ်တွေ သတ္တမမြောက်
စိတ်အတွေ့ဆုံး၊ အဖတ်များဆုံးနဲ့ မျှဝေတုံ့ပြန်မှုအများဆုံး ဖြစ်ခဲ့ပါတယ်။ နိုင်ငံရေးနဲ့
ခပ်ကင်းကင်းနေလိုသူတွေတောင် စစ်မှုထမ်းဥပဒေကြောင့် မလုံခြုံတော့တာ၊
ပြည်ပကိုလည်း မထွက်နိုင်၊ တော်လှန်ရေးနယ်မြေလည်း မရောက်နိုင်ဘဲ
မြို့ပြမှာပိတ်မိနေသူတွေအနေနဲ့ ဝေခွဲမရတာ စတဲ့အခြေအနေတွေကို ဖော်ကျူးထားတာပါ။

■ အယ်ဒီတာ

၇

# လူငယ်တွေကို ဘယ်လိုကယ်ထုတ်မလဲ

## ကိုဆေး

ဦးထုပ်ပိုက်ပိုက်မဆောင်း၊ ရုပ်မဖျက်ထားတာကလွဲလို့ ကိုယ့်ကိုယ်ကိုယ် ဝရမ်းပြေးတယောက်လို ခံစားနေရတယ်လို့ ရန်ကုန်လူငယ် ကိုလင်းနေက ဆိုတယ်။ အိမ်ကနေထွက်လို့ ရပ်ကွက်လမ်းပေါ် ရောက်တယ်ဆိုရင်ပဲ ကျီးလန့်စာစားဘဝ၊ မျက်လုံးက ရှေ့ဘေးဝဲယာ အလွတ်မပေးဘဲ သတိကြီး ကြီးထားကြည့်ရရုံတင်မက နောက်ကနေ အလစ်ဝင်အုပ်မယ့် ရန်သူကိုလည်း အလစ်ပေးလို့မရ။ မလှမ်းမကမ်းမှာ ကားတစီး ထိုးဆိုက်လိုက်ရင်ကို ခြေလှမ်းတွေက အလိုလိုတန့်။ မြို့ကြီးသား လူငယ်တယောက်ရဲ့ဘဝဟာ အချိန်မရွေး သေမင်းဖိတ်စာရရှိသွားနိုင်တယ်ဆိုတော့ ဝရမ်းပြေးပမာ။

မှတ်မှတ်ရရ အဲဒီဝရမ်းပြေးခံစားမှုကို ရန်ကုန်မြို့ရဲ့ လမ်းမကြီးတွေပေါ်မှာ လူဖမ်းပွဲစတင်တဲ့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ စတင်ရရှိခဲ့တယ်လို့ ဆိုတယ်။ ဒီဇင်ဘာလရောက်တော့ ပိုပွဲကြမ်းလာတယ်။ မနက်ခင်း အိပ်ရာကနိုးလို့ ဖေ့ဘုတ်ဖွင့်လိုက်ရင်ကို ရန်ကုန်မြို့ရဲ့နေရာတိုင်းမှာ ပေါ်တာဆွဲခံရတဲ့ သတင်းတွေ ပြည့်လို့။ တချို့သတင်းတွေက ကြားမိကြားရာ ကြားစကားတွေနဲ့ တန်ဆာဆင်ထားမှန်း သိသာပေမဲ့ သတင်းအများစုက ဖတ်ကြည့်တာနဲ့တင် တကယ့်ကိုအမှန်မှန်း လတ်တလောမျက်မြင်နဲ့ သူ့ဘဝအတွေ့အကြုံအရ ဆင်ခြင်နိုင်သတဲ့။

---

**ကိုဆေး**သည် ကဗျာဆရာနှင့် အလွတ်တမ်းသတင်းစာဆရာဖြစ်ပြီး လွတ်မြောက်နယ်မြေတနေရာတွင် နေထိုင်လျက်ရှိသည်။

ဆိုတော့ ဒီဇင်ဘာလကစလို့ အမေတို့ခေတ်က ဗိုင်းကောင်းကျောက်ဖိအမျိုးသမီးတယောက်လို ညနေ ၆ နာရီလောက်ဆိုရင် ကိုလင်းနေ လမ်းထိပ်ပင် မထွက်ရဲတော့။ ဒါပေမဲ့ ညဲ့စာရင်း အကြောင်းပြ ဖမ်းခေါ်သွားနိုင်တယ်ဆိုတဲ့အသိကလည်း စိတ်ကိုကြိမ်းမောင်းသတိပေးနေပြန်တယ်။ ညဘက် ခွေးဟောင်သံကြားတိုင်း အိမ်အပြင်ဘက် ထချောင်းကြည့်ရတာ စိတ်ပင်ပန်းလွန်းလှတယ် လို့ ဆိုတယ်။

သူက ဒီခေတ်ကြီးရဲ့ နာမည်ကျော် ဂျန်နရေးရှင်းဇက်စာရင်းဝင်ပေမဲ့ PDF နဲ့လည်း မပတ်သက်၊ သပိတ်တိုက်ပွဲလည်း မဝင်။ တော်လှန်ရေးအတွက် တနိုင်ငွေလှူဒါန်းတာရယ်၊ မနေနိုင်လွန်းလို့ စစ်အာဏာရှင်ဆန့်ကျင်ရေး စာကဗျာတွေကို အကောင့်ပုန်းတခုနဲ့ ရေးဖွဲ့ဖြစ်တာလောက်ပဲ။ အသက် ပေးတိုက်နေတဲ့ လူငယ်တွေနဲ့ယှဉ်လိုက်ရင် သူ့ကိုယ်သူ ခွက်ပုန်းတော်လှန်ရေး ဂျနီ-းစာရင်းဝင်လို့ ဟားတိုက်တယ်။

ပြောရရင် နိုင်ငံရေးနဲ့ ခပ်လှမ်းလှမ်းမှာ နေနေပေမဲ့ နိုင်ငံရေးက ကိုယ့်အိမ်တံခါးဝကို ရောက်လာကြောင်း တရားမဝင်တဲ့ အဓမ္မစစ်မှုထမ်းဥပဒေက ကိုလင်းနေအပါအဝင် များစွာသော လူငယ်တွေကို ခပ်ကြမ်းကြမ်းပုတ်နှိုးလိုက်တယ်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှာ စစ်ကောင်စီအသက်သွင်းလိုက်တဲ့ စစ်မှုထမ်းဥပဒေ။ ဧပြီလရောက်တော့ စစ်မှုထမ်းအပတ်စဉ်-၁ သင်တန်းစတင်ပြီးနောက် စိတ်မြန်ကိုယ်မြန်နဲ့ ဆုံးဖြတ်ချက်မြန်မြန်ချနိုင်တဲ့ လူငယ်တချို့ PDF တပ်ဖွဲ့တွေဆီ ရွက်လွှင့်ခဲ့တယ်။ တချို့က ထိုင်းနိုင်ငံ မဲဆောက်ဘက် တိမ်းရှောင်၊ တတ်နိုင်သူတွေက ပြည်ပနိုင်ငံထွက် ပညာသင်၊ အခြေချသူက ချ။ PDF ထဲလည်း မဝင်နိုင်၊ နိုင်ငံခြားသွားနိုင်တဲ့ ငွေအင်အားလည်း မရှိ၊ ဘာဆက်လုပ်ရမယ်မှန်းလည်း မသိတဲ့ ကိုလင်းနေတို့လို လူငယ်တွေက တွေဝေခြင်းတွေအသင်္ချေနဲ့ အတိတ်မေ့နေသူတွေပမာ။

ဘာလုပ်ရမယ်မှန်း မသိလို့ အဲဒီစစ်မှုထမ်းဆိုတာကြီးကို မေ့ချင်ယောင်ဆောင်ထားလိုက်တယ်လို့ ကိုလင်းနေက ဆိုတယ်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာ ရပ်ကွက်တွင်း စစ်မှုထမ်းအကျုံးဝင် စာရင်းဘုတ်အုပ်ကြီးနဲ့ ပြစုထားတယ်ဆိုလို့ ရပ်ကွက်ရုံးစာရေးကို လာဘ်ထိုးပြီး သွားကြည့်မိ။ သူ့နာမည်က စာလုံးပေါင်းသတ်ပုံမလွဲ။ အသက်၊ အဘနဲ့ နေရပ်လိပ်စာမလွဲ ပါနေတာမြင်ရတော့ မေ့ချင်ယောင် ဆောင်လို့မရတော့။ နေ့ခင်းဘက် အိမ်အပြင်ထွက်တဲ့အခါ သတိကြီးကြီးထားရုံတင်မက ညဘက်မှာ ညဲ့စာရင်း အကြောင်းပြချက်နဲ့ ဝင်ဖမ်းတာမျိုး မခံရရေး ရပ်ကွက်ရုံးစာရေးကို ညဲ့စာရင်းစစ်မယ်ဆို ကြိုပြောဖို့ စားကောင်းသောက်ဖွယ်တွေနဲ့ ကျိုးနွံခဲ့ရတယ်လို့ဆိုရဲ့။

၂၀၂၄ ခုနှစ်ကုန်တော့ စစ်မှုထမ်းအပတ်စဉ်-၉ အထိ ဖွင့်ခဲ့ပြီးပြီ။ စစ်မှုထမ်းအပတ်စဉ်တကြိမ်ကို လူ ၅,၀၀၀ ခေါ်မယ်လို့ စစ်ကောင်စီက ကြေညာထားတာကြောင့် စုစုပေါင်း ၄၅,၀၀၀ စစ်တပ်ထဲ ရောက်

သွားခဲ့ပြီ။ စစ်သင်တန်းကာလက နှစ်လတောင်မပြည့်။ မည်ကာမတ္တ သေနတ်ပစ်တတ်တယ်ဆိုရုံ။ သင်တန်းဆင်းတာနဲ့ နှင်လားငါလား တိုက်ရတဲ့ စစ်မြေပြင်ဆီ စေလွှတ်ခြင်းခံရတာဆိုတော့ အဲဒီ တပ်သားသစ် ၄၅,၀၀၀ ရဲ့ တဝက် ဒဏ်ရာလည်းမရဘဲ အသက်ရှင်ကျန်နေသေးတယ်ဆိုရင် ယုံရခက်လှ။

အခု ဇန်နဝါရီ ၂၃ ရက်မှာ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေထွက်လာတယ်။ စစ်မှုထမ်းအကျုံးဝင် အသက် ၁၈-၃၅ နှစ် အမျိုးသားနဲ့ ၁၈-၂၇ နှစ် အမျိုးသမီးတွေကို ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားထွက်ခွင့်မပြုကြောင်း ကန့်သတ်လိုက်တယ်။ နောက်နှစ်ရက်လောက်နေတော့ မုံရွာမြို့ပေါ်မှာ လူဖမ်းပွဲကြီးစတင်တယ်။ နေ့ခင်းဘက်မှာတောင် တစပြင်ဖြစ်နေတဲ့ မြို့ပေါ်လမ်းတွေကို ဓာတ်ပုံနဲ့တကွ မြင်လိုက်ရတယ်။ မန္တလေးမှာ ဇန်နဝါရီတလအတွင်း ၂၃၇ ဦးထက်မနည်း ပေါ်တာဆွဲခံရကြောင်း မန္တလေးသပိတ်အင်အားစုက ထုတ်ပြန်တယ်။ ရန်ကုန်မှာလည်း ပေါ်တာ၊ ဟိုမှာလည်း ပေါ်တာ၊ ဒီမှာလည်း ပေါ်တာ။ စစ်ကောင်စီ ဗိုလ်ကျခွင့်ရနေသေးတဲ့မြို့တိုင်းမှာ သောက်သောက်လဲ ပေါ်တာဆွဲသတင်းတွေချည်း။ စစ်မှုထမ်းဥပဒေက လူငယ်တွေကို သေတွင်းထဲပို့။ နိုင်ငံအနှံ့ ပိတ်မိနေတဲ့ လူငယ်တွေရဲ့ ရင်ဘတ်ထဲ မီးဟုန်းဟုန်းတောက်။

စစ်မှုထမ်းဥပဒေဟာ ကြောက်မက်ဖွယ် လူ့အခွင့်အရေးချိုးဖောက်မှုကြီးဖြစ်ပေမဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက အရေးလုပ်၊ မေးခွန်းထုတ်မှုတောင်မရှိတာ အံ့အားသင့်ရတယ်။ ဒါ့အပြင် ကိုယ့်အစီအစဉ်နဲ့ ကိုယ့်ဘာသာရှောင်၊ မရှောင်နိုင်မတိမ်းနိုင်လို့ စစ်တပ်ထဲရောက်သွားရင် နီးစပ်ရာတော်လှန်ရေးတပ်တွေဆီ ထွက်ပြေးပါဆိုတဲ့ NUG အစိုးရရဲ့ လမ်းညွှန်ချက်ဟာ တာဝန်မဲ့လွန်းရာကျသလို ပြည်သူ့အစိုးရတရပ်ရဲ့ ကြန်အင်လက္ခဏာ မဟုတ်ဘူးလို့ နားလည်ရတယ်။

တနှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ စစ်ကောင်စီရဲ့ အဓမ္မစစ်သားသစ်စုဆောင်းမှုလုပ်ငန်းစဉ်ကို တော်လှန်ရေးအင်အားစုတွေက ရိုက်ချိုးဖျက်ဆီးနိုင်စွမ်းမရှိပါဘူး။ မဖျက်ဆီးနိုင်ဘူးဆိုရင် ပြည်တွင်းမှာ ပိတ်မိနေတဲ့လူငယ်တွေကို ဘယ်လိုကယ်ထုတ်မလဲဆိုတဲ့ စဉ်းစားချက်လိုလာပါပြီ။ ကယ်ထုတ်ရုံနဲ့လည်း မလုံလောက်ပါဘူး။ သူတို့ရဲ့ရပ်တည်ရေးအတွက် ဘယ်လိုပံ့ပိုးပေးနိုင်မလဲဆိုတာပါ ထည့်သွင်းစဉ်းစားရပါမယ်။

ဘယ်လိုအကြောင်းကြောင့် စစ်သားသစ်စုဆောင်းခံရပါစေ၊ အဲဒီစစ်သားသစ်တွေဟာ စစ်ကောင်စီသက်ဆိုးရှည်ရေးအတွက် အားဖြည့်လောင်စာတွေဖြစ်သွားတယ်ဆိုတာကို အထူးသတိချပ်ဖို့ လိုပါမယ်။ ■

ကိုဆေး

# မြန်မာ့လျှော်ဘေးနှင့် ယောင်ခြောက်ဆယ် စစ်ကောင်စီ



ဟိတေ

စစ်ကောင်စီတပ်ဖွဲ့ဝင်တွေဟာ အုတ်ခဲတွေကို လက်ဆင့်ကမ်းသယ်လို့ကောင်းတုန်းပါပဲ။
စစ်ခေါင်းဆောင်တွေကရော ဘာလုပ်ပါသလဲ။
ငလျင်ဘေးသင့် နေရာတွေကို လိုက်ကြည့်၊ ကယ်ဆယ်ရေးအဖွဲ့တွေကို လိုက်နှုတ်ဆက်၊
ဟိုယောင်ယောင်၊ ဒီယောင်ယောင်နဲ့ အာဝါဒါးလုပ်နေတာကိုပဲ အများဆုံးတွေ့ရပါတယ်။

ISP COLUMN

ဆူညံဗလံအသံမှသည်
ဉာဏ်လိုင်းခတ် ဆင်ခြင်သံဆီသို့

ဒီဆောင်းပါးကို ၂၀၂၅ ခုနှစ် ဧပြီ ၁၁ ရက်မှာ ISP-Myanmar ကနေ ဖော်ပြခဲ့ပါတယ်။ ဒီတနှစ်လုံးဖော်ပြခဲ့တဲ့ ISP Column တွေထဲမှာ ပရိသတ်တွေ အငြှမြှောက်စိတ်အတွေ့ဆုံး၊ အဖတ်များဆုံးနဲ့ မျှဝေတုံ့ပြန်မှုအများဆုံး ဖြစ်ခဲ့ပါတယ်။ စစ်ကောင်စီက သုံးစွဲမယ့် ဘတ်ဂျက်ဟာ နည်းပါးလွန်းနေတာကြောင့် ပြန်လည်ထူထောင်ရေးအတွက် စိုးရိမ်စရာ ဖြစ်နေတာ၊ ဗိုလ်ချုပ်တွေပဲ ဦးဆောင်နေတဲ့ သဘာဝဘေးကော်မတီဟာ ရေရှည်မဟာဗျူဟာမရှိဘဲ ကွင်းဆင်းဓာတ်ပုံရိုက်ပြရုံနဲ့ အချိန်ကုန်နေတာတွေကို ထောက်ပြထားပါတယ်။

■ အယ်ဒီတာ

**၈**

# မြန်မာ့ငလျင်ဘေးနှင့်
# ယောင်ချောက်ဆယ် စစ်ကောင်စီ

## ဟိတေ

စစ်ကိုင်းငလျင်ကြီးအပြီး ၁၃ ရက်အကြာ –

နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့တွေဖြစ်တဲ့ မလေးရှား၊ အိန္ဒိယနဲ့ တရုတ်ကယ်ဆယ်ရေးအဖွဲ့တွေ နေရပ်ပြန်ကြပါပြီ။ ငလျင်ကြီးကြောင့် ပိတ်မိနေသူများစွာကိုလည်း ရှင်လျက်တမျိုး၊ သေလျက်တဖုံ ရအောင် ကယ်ထုတ်ပေးခဲ့တာ အထူးကျေးဇူးတင်စရာပါ။ ငလျင်ဘေးကြီးကြောင့် သေဆုံးရသူကလည်း စစ်ကောင်စီရဲ့အချက်အလက်တွေအရ ၃,၆၀၀ ထက်မနည်းရှိသလို ထိခိုက်ဒဏ်ရာရသူတွေလည်း ၅,၀၀၀ ထက်မနည်းရှိပါတယ်။ အာဆီယံ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန (AHA Center)ရဲ့ ထုတ်ပြန်ချက်အရ ငလျင်ကြောင့် အိမ်ပေါင်း ၄၇,၀၀၀ ထက်မနည်း ပျက်စီးကာ ပြည်သူ ၆၉,၀၀၀ ထက်မနည်း နေရာရွှေ့ပြောင်းခဲ့ရပြီး ပြည်သူ ၁၆,၀၀၀ နီးပါးဟာ ယာယီတဲတွေနဲ့ နေနေရပါတယ်။ ပြည်သူများစွာ အိမ်ခြေရာမဲ့ဖြစ်သွားခဲ့ပါတယ်။

ဒီငလျင်ကြီးကြောင့် ငလျင်ဘေးသင့်ဒေသတွေက ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၇၃,၈၀၀ နီးပါး ထိခိုက်ခဲ့ရပါသေးတယ်။ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးများရန်ပုံငွေအဖွဲ့(UNICEF)ရဲ့ထုတ်

**ဟိတေ**သည် ISP-Myanmar ၏ Capacity Building Program က လူငယ်သုတေသီဖြစ်သည်။

ပြန်ချက်မှာလည်း ငလျင်ကြီးကြောင့် ကလေးငယ် ၂ ဒသမ ၇ သန်းထိခိုက်နိုင်ခြေရှိတယ်လို့ ဆိုပါတယ်။ ဒီငလျင်ကြီးမတိုင်ခင်ကတည်းက မြန်မာပြည်သူ သန်း ၂၀ နီးပါးက လူသားစာနာအကူအညီလိုအပ်နေခဲ့တာပါ။ အခုငလျင်ဘေးကြီးဖြစ်တော့လည်း အိမ်နီးချင်းနိုင်ငံတွေရော၊ နိုင်ငံတကာကရော ကယ်ဆယ်ရေးအဖွဲ့တွေ၊ အကူအညီပစ္စည်းတွေ အင်တိုက်အားတိုက်ရောက်လာပြီး ကူညီကြလို့ ပြည်သူများစွာ သက်သာရာရခဲ့ပါတယ်။

ဒါပေမဲ့ စစ်ကောင်စီရဲ့ ပြန်လည်ထူထောင်ရေး ရေရှည်အစီအမံတွေကိုတော့ အခုထိ အားရစဖွယ် မတွေ့ရသေးပါဘူး။ ငလျင်ဘေးအကြီးအကျယ်ခံခဲ့ရတဲ့ ဒေသတွေဟာ စစ်ကောင်စီအုပ်စိုးထားတဲ့ နယ်မြေတွေပါ။ အဲဒီဒေသက ပြည်သူတွေအတွက် စစ်ကောင်စီရဲ့ ပြန်လည်ထူထောင်ရေးအစီအမံတွေက အဓိကကျနေပါတယ်။

ငလျင်ဘေးကြောင့် သေဆုံးခဲ့ရတဲ့ပြည်သူတွေအတွက် တယောက်ကို ကျပ် ၁၀ သိန်းစီ လှူမယ်လို့ စစ်ကောင်စီက ဆိုပါတယ်။ သူတို့ရဲ့သေဆုံးစာရင်း(၃,၆၀၀)နဲ့တွက်ရင်တောင် ပြည်သူကိုကူညီမယ့်ငွေက ဒေါ်လာ ၁ သန်း မပြည့်ပါဘူး။ ဒါ့အပြင် ငလျင်ဘေးပြန်လည်ထူထောင်ရေးအတွက် စစ်ကောင်စီက ကျပ်ဘီလီယံ ၅၀၀ သုံးမယ်လို့ ကြေညာပါသေးတယ်။ ဒါက အမေရိကန်ဒေါ်လာ ၁၁၁ သန်း ဝန်းကျင်ပဲ ရှိပါတယ်။ ၂၀၁၅ ခုနှစ်တုန်းက ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိတဲ့ နီပေါငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုဟာ အမေရိကန်ဒေါ်လာ သန်းခုနစ်ထောင်ရှိခဲ့ပြီး အိမ်ရာ၊ တိုက်တာ ပြန်လည်တည်ဆောက်ရေးအတွက်ကိုပဲ အမေရိကန်ဒေါ်လာသန်း ၃,၃၀၀ သုံးဖို့လိုခဲ့ပါတယ်။ နီပေါငလျင်တုန်းက နိုင်ငံတကာရဲ့ ကူညီပံ့ပိုးမှုဟာ အမေရိကန်ဒေါ်လာသန်းလေးထောင်ဝန်းကျင် ရှိခဲ့ပါတယ်။ ကြောက်ခမန်းလိလိပမာဏပါပဲ။ အဲဒီလောက် ဝိုင်းပံ့ပိုးတာတောင် နီပေါနိုင်ငံအနေနဲ့ ပြန်လည်ထူထောင်ရေးအတွက် အချိန်အကြာကြီး ယူခဲ့ရတာပါ။ မြန်မာနိုင်ငံအတွက်ကတော့ အခုထိ နိုင်ငံတကာရဲ့ လူသားစာနာအကူအညီကတိကဝတ်ပြုမှုက အမေရိကန်ဒေါ်လာသန်း ၃၀၀ ဝန်းကျင်ပဲရှိပါသေးတယ်။

စစ်ကောင်စီအနေနဲ့ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးနဲ့ ရှမ်းအပြင် သူအခြေစိုက်ရာ နေပြည်တော်က အခြေခံ အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုတွေအတွက် ဘယ်လိုပြန်လည်ထူထောင်မှာပါလဲ။ အိမ်ခြေရာမဲ့ဖြစ်သွားတဲ့ ပြည်သူတွေအတွက်ရော ဘယ်လိုလုပ်မှာပါလဲ။ သေဆုံးသူတွေအတွက် ကျပ် ၁၀ သိန်း ထောက်ပံ့တာက အာဏာသိမ်းပြီးနောက် ငွေကြေးဖောင်းပွလာတာကို ထည့်တွက်ရင် ဘယ်လောက်တန်ဖိုးရှိမှာလဲ။ ငလျင်ကြီးပြီးတာ ၁၃ ရက်ရှိလာပါပြီ။ စစ်ကောင်စီအနေနဲ့ ငလျင်ဘေးနောက်ဆက်တွဲတွေအတွက် အရေးတကြီးကို ပြင်ဆင်နေရမယ့်အချိန်ပါ။ ဒါပေမဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေဟာ အုတ်ခဲတွေကို လက်ဆင့်ကမ်းသယ်လို့ကောင်းတုန်းပါပဲ။ စစ်ခေါင်းဆောင်တွေကရော ဘာလုပ်ပါသလဲ။ ငလျင်ဘေးသင့်နေရာတွေကို လိုက်ကြည့်၊ ကယ်ဆယ်ရေးအဖွဲ့တွေကို

လိုက်နှုတ်ဆက်၊ ဟိုယောင်ယောင်၊ ဒီယောင်ယောင်နဲ့ အာဝါဒါးလုပ်နေတာကိုပဲ အများဆုံးတွေ့ပါတယ်။ စစ်ခေါင်းဆောင်နဲ့ ဒုတိယခေါင်းဆောင်တို့ဟာ ဒေသတွေ လှည့်လည်ကြည့်ကာ မျက်နှာလိုက်ပြနေကြပါတယ်။ ဒါက တစုံတရာတော့ လိုအပ်ပေမဲ့ နောက်တန်းမှာ တကယ်ဆုံးဖြတ်ပေးရမယ့်ကိစ္စတွေအတွက် တာဝန်တွေ ဖြန့်ခွဲပေးဖို့ လိုအပ်ပါတယ်။ စစ်ကောင်စီရဲ့ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ (NDMC) မှာ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဥက္ကဋ္ဌ၊ ပြည်ထဲရေးနဲ့ လူကယ်ပြန်ဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌတွေအဖြစ် တာဝန်ယူကြပါတယ်။ ထက်မြက်သူတွေတော့ မဟုတ်ကြပါဘူး။

စစ်ကောင်စီအနေနဲ့ ငလျင်ဘေးပြန်လည်ထူထောင်ရေးကို အချိန်တိုတွင်းလုပ်လို့ရမယ်များ ထင်နေလေသလား မသိပါဘူး။ အခုလို အရေးကြီးတဲ့ကာလမှာ စစ်ကောင်စီအနေနဲ့ နိုင်ငံတကာလူသားစာနာကူညီရေးအဖွဲ့တွေ လွတ်လပ်စွာ ကူညီနိုင်အောင်၊ ထိခိုက်ဒဏ်ရာရပြည်သူတွေကို ဆေးကုသနိုင်အောင် အစွမ်းကုန်လုပ်နေသင့်တာပါ။ ပြည်တွင်းပြည်ပက ငလျင်ဘေးဆိုင်ရာကျွမ်းကျင်သူတွေ၊ ငလျင်ဆိုင်ရာအင်ဂျင်နီယာပညာရှင်တွေနဲ့ ကော်မတီဖွဲ့ပြီး လုပ်ငန်းအစီအမံတွေကို အင်နဲ့အားနဲ့ဖော်ဆောင်ဖို့ ကောင်းပါတယ်။ စစ်ကောင်စီရဲ့ ဒုချုပ် စိုးဝင်းဦးဆောင်နေတဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှာ အဲဒီလိုပညာရှင်တွေရော ပါရဲ့လားလို့လည်း မေးခွန်းထုတ်စရာပါ။

လှူကြတန်းကြတာတွေက ပြည်သူတွေရဲ့ အရေးပေါ်ပြဿနာကို တဒင်္ဂပဲ ဖြေရှင်းပေးနိုင်မှာပါ။ ပြည်တွင်းရော၊ ပြည်ပပါမကျန် လှူနေကြတာတွေကလည်း တကယ်ကို သာဓုခေါ်စရာပါ။ ဒါပေမဲ့ အိမ်ခြေရာမဲ့ဖြစ်သွားတဲ့ ပြည်သူတွေက ယာယီတဲတွေမှာ ဘယ်လောက်ကြာကြာ နေရမှာပါလဲ။ သူတို့ရဲ့နေ့စဉ်ဘဝ စားရေးသောက်ရေးအပြင် တကိုယ်ရေသန့်ရှင်းရေးအတွက် အခုယာယီနေထိုင်ရေးအစီအမံတွေက ရေရှည်ဖြေရှင်းမပေးနိုင်ပါဘူး။ အမျိုးသမီးများအတွက်ဆို ပိုလို့ဒုက္ခများပါတယ်။ ဒါ့ကြောင့် ငလျင်ဘေးသင့်ပြည်သူတွေရဲ့ အနာဂတ်အတွက် မဟာဗျူဟာမြောက် လုပ်ငန်းအစီအမံတွေ အရေးတကြီးလိုအပ်နေပါတယ်။ ငလျင်ဘေးသင့်ဒေသတွေဟာလည်း စစ်ကောင်စီ အဓိကအုပ်စိုးရာဒေသတွေ ဖြစ်နေတာကြောင့် စစ်ကောင်စီမှာ ပိုလို့တာဝန်ရှိပါတယ်။ စစ်ကောင်စီအနေနဲ့ အာဝါဒါး လုပ်မနေဘဲ ပညာရှင်တွေရဲ့အကူအညီနဲ့ ရေရှည်ပြန်လည်ထူထောင်ရေးအစီအမံတွေ အမြန်ဆုံးချမှတ်သင့်ပါပြီ။ ■

ဟိတေ

# လူမှုပြစ်ဒဏ် လူမှုတရားမျှတရေးနှင့် လူအုပ်စုလိုက် စုန်းဖမ်းဓလေ့



ဒေါက်တာစိုင်းလတ်

တရားရေးကို အားကိုးမရတဲ့အခင်းအကျင်းမှာ လူမှုပြစ်ဒဏ်ကို သုံးကြရမှာဖြစ်တယ်။
ဒါပေမဲ့ social punishment အစား ဆိုရှယ်မီဒီယာ သိက္ခာချဆွမ်းကြီးလောင်းခြင်းနဲ့
လူအုပ်ဖွဲ့ စုန်းဖမ်းပွဲပဲဖြစ်ရင် ကျူးလွန်ခံရသူအတွက် survivor-centered
ချဉ်းကပ်မှုဟာလည်း အနှစ်သာရ ပျက်စီးသွားပါလိမ့်မယ်။

ISP COLUMN

ဆူညံဗလံအသံမှသည်
ညဏ်လှိုင်းခတ် ဆင်ခြင်သံဆီသို့

ဒီဆောင်းပါးကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်မှာ ISP-Myanmar ကနေ ဖော်ပြခဲ့ပါတယ်။
ဒီတနှစ်လုံးဖော်ပြခဲ့တဲ့ ISP Column တွေထဲမှာ ပရိသတ်တွေ နဝမမြောက်စိတ်အတွေ့ဆုံး၊
အဖတ်များဆုံးနဲ့ မျှဝေတုံ့ပြန်မှုအများဆုံး ဖြစ်ခဲ့ပါတယ်။ ဆိုရှယ်မီဒီယာပေါ်က
စည်းလွတ်ဘောင်လွတ် တိုက်ခိုက်မှုတွေဟာ စနစ်တကျ ပြစ်ဒဏ်ပေးခြင်းမဟုတ်ဘဲ
'အာသာဖြေစုန်းဖမ်းပွဲ'လိုဖြစ်နေပြီး အဲဒါဟာ တရားမျှတမှုဆီ ဦးတည်ရဲ့လားဆိုတာကို
ဆောင်းပါးရှင်က မေးခွန်းထုတ်ထားပါတယ်။

■ အယ်ဒီတာ

၉

# လူမှုပြစ်ဒဏ်၊ လူမှုတရားမျှတရေးနှင့် လူအုပ်စုလိုက် စုန်းဖမ်းခြင်း

## ဒေါက်တာစိုင်းလတ်

အကြမ်းဖက်မှုကျူးလွန်ချိုးဖောက်တာတွေကို ကိုင်တွယ်ရာမှာ တရားမျှတမှုရှိဖို့၊ ရုပ်ပိုင်း-စိတ်ပိုင်း ပြန်လည်ကုစားဖို့၊ အထူးသဖြင့် survivor-centered တရားမျှတမှုရှိရေးမှာ ကျူးလွန်ခံရသူရဲ့ စိတ်ဆန္ဒ၊ လိုအပ်ချက်၊ ပြန်လည်ကုစားရေး၊ ဘေးကင်းလုံခြုံရေးနဲ့ ဂုဏ်သိက္ခာဟာ အရေးအကြီးဆုံးဖြစ်တယ်။

တရားရေးစနစ်တခုလုံးပြိုလဲနေတဲ့ မြန်မာပြည်အခြေအနေ၊ အဖွဲ့အစည်း/ဆိုင်ရာတာဝန်ရှိသူတွေက ချိုးဖောက်မှုတွေကို ထိထိရောက်ရောက် မကိုင်တွယ်နိုင်၊ မကိုင်တွယ်တတ်၊ မကိုင်တွယ်ရဲတာ ဒါမှမဟုတ် မကိုင်တွယ်လိုတဲ့အခြေအနေ၊ ဒါမှမဟုတ် ချိုးဖောက်မှုတွေကို ထုံးတမ်းစဉ်လာအရ ဆုံးဖြတ်တဲ့အခါ ကျူးလွန်ခံရသူဘက်က အခါခါနာကြရတဲ့အခြေအနေမှာ ရှိရင်းစွဲ (formal) ယန္တရားကို အားကိုးလို့မရလို့ လူမှုပြစ်ဒဏ်ပေးရေး social punishment လုပ်ကြရတာဖြစ်တယ်။

**ဒေါက်တာစိုင်းလတ်**သည် ကနေဒါနိုင်ငံ ရော့ခ်တက္ကသိုလ် အာရှလေ့လာရေးဌာနနှင့် ချင်းမိုင်တက္ကသိုလ်၏ ပြင်ပသုတေသီဖြစ်ပြီး အာဏာရှင်ခေတ်၊ ပဋိပက္ခအမှုအကျင့်နှင့် ဒေသတွင်းဆက်ဆံရေးဆက်နွယ်မှု စသည့်အကြောင်းအရာများကို နိုင်ငံရေးစိတ်ပညာ(Political Psychology) နှင့် ဦးနှောက်အာရုံနိုင်ငံရေးဗေဒ(Neuropolitics) ရှုထောင့်ကနေ လေ့လာနေသူဖြစ်သည်။

အဲဒီ လူမှုပြစ်ဒဏ်ရဲ့ အနှစ်သာရက

- ကျူးလွန်တဲ့လူတွေ နောက်ထပ်မကျူးလွန်နိုင်အောင်၊ မကျူးလွန်ချင်အောင်၊ မကျူးလွန်ရဲအောင်
- ကျူးလွန်ခံရသူဘက်က စိတ်ပိုင်း-ရုပ်ပိုင်းပြန်လည်ထူထောင်ဖို့ မနည်းကြိုးပမ်းနေရချိန် ကျူးလွန်သူဟာ ပိုနေမြဲ၊ ကျားနေမြဲ ဆက်ရှိနေပြီး ဆက်လက်ကျူးလွန်နေတာမျိုးမရှိအောင်
- ကျူးလွန်တဲ့လူအနေနဲ့ ကိုယ့်လုပ်ရပ်ကို ပြန်ဆင်ခြင်ပြီး ပြုပြင်ခွင့်ရအောင် (လူ့အသိုင်းအဝိုင်းထဲ ရာသက်ပန် မဝင်ဆံ့အောင်မဟုတ်)
- ကျူးလွန်ခံရသူတွေရဲ့ စိတ်ပိုင်း-ရုပ်ပိုင်း လုံခြုံရေးရရှိဖို့နဲ့ ကျူးလွန်မှုတွေကို အသိုင်းအဝိုင်းက လက်မခံဘူးဆိုတာ ပြသဖို့ ကျူးလွန်ခံရသူဘက်က ရပ်တည်ပေးကြရတာဖြစ်တယ်။

ဒီလိုပဲ ဥပဒေကြောင်းအရ တရားမျှတရေး၊ လူမှုတရားမျှတရေးနဲ့ survivor-centered ချဉ်းကပ်မှု အားလုံးဟာ ထိခိုက်နစ်နာသူရော၊ ကျူးလွန်သူ (စွပ်စွဲခံရသူ) နှစ်ဖက်စလုံးအတွက် တရားမျှတမှုနဲ့ ပြန်လည်ကုစားမှုကို ရှေးရှုရမှာဖြစ်တယ်။ သက်ဆိုင်သူအားလုံးရဲ့ကိုယ်ရေးကိုယ်တာ(privacy) နဲ့ လူ့ဂုဏ်သိက္ခာထိန်းသိမ်းဖို့ မရှိမဖြစ်လိုအပ်ပါတယ်။

ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်တွေက မြန်မာပြည်ဖြစ်စဉ်တွေ ပြန်ကြည့်လိုက်ရင် ပြဿနာတခုကို ဖြေရှင်းဖို့ ကြိုးစားတိုင်း လူအုပ်စုလိုက် ဝုန်းဒိုင်းကြဲကြလို့ နဂိုပြဿနာမပြေလည်ဘဲ နောက်ပြဿနာအသစ်ပဲ ထပ်တိုးလာတယ်။

လိင်ပိုင်းဆိုင်ရာကျူးလွန်မှုအပါအဝင် အကြမ်းဖက်ကျူးလွန်တယ်လို့ စွပ်စွဲခံရသူတွေအပေါ် တုံ့ပြန်ချက်တွေဟာ

- Social punishment လား၊ social media punishment လား၊ ဆိုရှယ်မီဒီယာ သိက္ခာချရေးလား မသဲကွဲ
- အမှန်တကယ် ပြစ်ဒဏ်နဲ့ အကန့်အသတ်ဘောင်က ရှင်းလင်းမှုမရှိ
- ပြီးတော့ လူအုပ်ကြီးရဲ့ စည်းလွတ်ဘောင်လွတ် တုံ့ပြန်မှု

ဒါတွေဟာ အဖြေမဟုတ်တဲ့အပြင် လူမှုပြစ်ဒဏ်ပေးရေးရဲ့ အနှစ်သာရကို ဖျက်လိုဖျက်ဆီးလုပ်ရာ ကျတယ်။

ဒီကြားထဲ ပုဂ္ဂိုလ်ရေးအရ မကြည်လို့ ဆွမ်းကြီးဝင်လောင်းကြတယ်။ ကျူးလွန်ခံရသူဘက်က ရပ်တည်တာအစား၊ နှစ်ဖက်တရားမျှတရေးအစား ဆွမ်းကြီးလောင်းခွင့်အချိန်အခါကောင်းလို အသုံးချပြီး ပုဂ္ဂိုလ်ရေး အမြတ်ထုတ်တာဟာ social punishment ကို သေးသိမ်စေတယ် (သက်ဆိုင်သူတွေရဲ့အကျိုးကျေးဇူးအစား ကိုယ့်အာသာဖြေရေးလောက်သာ စိတ်ဝင်စားလို့)။ ဒါတင်မက အားလုံးအလေးအမြတ်ထားရမယ့် တရားမျှတရေးကို လှောင်ပြောင်တန်ဖိုးမဲ့စေတယ်။ အပေါ်စားဆန်စေတယ်။

**လူအုပ်ဖွဲ့ စုန်းဖမ်းဓလေ့ (Mob Culture) နှင့်**
**အုပ်စုစီရင်ရေး (Mob Trial) အဆိပ်အတောက်မျိုးစေ့**

လိင်ပိုင်းဆိုင်ရာ ထိပါးမှုတွေအပါအဝင် ချိုးဖောက်မှုတိုင်းအတွက် ကင်းလွတ်ခွင့်မရှိဖို့ အရေးကြီးတယ်။ ဒါပေမဲ့ social punishment ဟာ

- အကန့်အသတ်ဘောင် ဘာမှန်းမသိ/မရှိတဲ့ social media punishment
- ဒါမှမဟုတ် ဆိုရှယ်မီဒီယာမှာ သိက္ခာချတဲ့ ကမ်ပိန်း
- ထစ်ခနဲဆို လူအုပ်ကြီးနဲ့ ဝုန်းဒိုင်းကြဲတဲ့ mob trial (လူအုပ်စီရင်ရေး) သာ ဖြစ်နေရင်

ဘယ်သူ့အတွက်မှ တရားမျှတမှုရမှာမဟုတ်ပါဘူး။ ဘယ်သူ့အတွက် ဘယ်လိုကုစားမှုမှ ရမှာမဟုတ်သလို စိတ်ဒဏ်ရာကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ထပ်ခါထပ်ခါ ဆွပေးသလိုသာ ဖြစ်စေလိမ့်မယ်။

စိတ်ဆိုးနေတဲ့ လူအုပ်ဟာ နေ့ချင်းညချင်း စုန်းဖမ်းသူတွေဖြစ်လာပြီး တရားမျှတရေးတစ်ခုလုံးကို အဆိပ်အတောက်ဖြစ်လိမ့်မယ်။ တရားမျှတရေးကို ပြန်ပြီး ရန်မူလာပါလိမ့်မယ်။ "The mob is the 'mother' of tyrants" ('လူအုပ်သည် အာဏာရှင်များ၏ မိခင်') တို့ "Fascism is very much a mob movement" စတဲ့ ဆိုရိုးတွေကိုလည်း သတိချပ်ဖို့လိုပါတယ်။ (မှတ်ချက်။ ။ ရှေးဟောင်းဆိုရိုးထဲက "mother" ဆိုတဲ့ အသုံးအနှုန်းဟာ အခုခေတ်မှာ gender insensitive ဖြစ်တယ်။)

ဒီလိုပဲ လူအုပ်ကြီးစီရင်ရေးနဲ့ privacy ဖောက်ဖျက်တဲ့ ဆိုရှယ်မီဒီယာဓလေ့မှာ လူတယောက်လုပ်ရပ်ကို သူ့အသိုင်းအဝိုင်းနဲ့ ချိတ်ဆက်ယိုးစွပ်တဲ့ racial profiling ပြဿနာတွေပဲ များလာပြီး တခုပြီး တခု ရှင်းမနိုင် ဖြစ်ပါလိမ့်မယ်။

## ပါဝင်နယ်သတင်းအချက်အလက် (Privacy)

တရားမျှတရေး၊ ပြန်လည်ကုစားရေးအပါအဝင် survivor-centered ချဉ်းကပ်မှုမှာ ကျူးလွန်သူကို အားရပါးရ အပြစ်ပေးလိုက်ရုံနဲ့ ပြီးမသွားပါဘူး။ ကျူးလွန်တဲ့ ပြစ်မှုနဲ့သင့်တင့်လျော်ကန်တဲ့ ပြစ်ဒဏ်ပဲ ပေးရမှာဖြစ်တယ်။ ပထမဆုံးအကြိမ်ကျူးလွန်တာလား၊ ထပ်တလဲလဲကျူးလွန်တာလား ဆိုတဲ့ အပေါ်လည်း မူတည်သေးတယ်။

အဲဒီလိုပဲ တရားမျှတမှု ရှာဖွေရာမှာ မျှတမှု distributive justice၊ ပွင့်လင်းမြင်သာ ဘက်မလိုက်တသမတ်တည်းနဲ့ ဖြစ်စဉ်ခိုင်တဲ့ procedural justice၊ တာဝန်ယူ/ခံမှု၊ ပြန်လည်သင့်မြတ်မှုနဲ့ ပြန်လည်ကုစားမှု restorative justice၊ ပြစ်ဒဏ်သက်သက် retributive justice စသည်ဖြင့်လည်း ထည့်သွင်းစဉ်းစားရပါမယ်။ ပြစ်ဒဏ်ဆိုတာဟာလည်း လူ့အသိုင်းအဝိုင်းထဲ တသက်လုံးမဝင်ဆံ့နိုင်အောင် ဖျက်ဆီးနှိပ်ကွပ်တာမဟုတ်ဘဲ အမှားပြင်ဆင်ခွင့်ပေးဖို့ ဖြစ်တယ်။

စုံစမ်းစစ်ဆေးရေး၊ ဆုံးဖြတ်ချက်ချရေး၊ ပြစ်ဒဏ်ပေးရေး 'ယန္တရား'နဲ့ 'ဖြစ်စဉ်' ကိုယ်၌ကလည်း ယုံကြည်အားကိုးရပြီး ဂုဏ်သိက္ခာရှိတဲ့ due process ရှိဖို့ လိုအပ်ပါတယ်။ အရပ်ဘက်စုံစမ်းစစ်ဆေးရေးဆိုရင်တောင် ဥပဒေကြောင်းအရ တရားစီရင်ရေးစနစ်မှာလို လွတ်လပ်တဲ့တရားရေး (independent judiciary) နဲ့ မျှတတဲ့တရားခွင် (fair trial) အနှစ်သာရတွေ လိုတယ်။ ဒါတွေမရှိရင် အမှန်တရား၊ တရားမျှတရေး စတာတွေလည်း မရှိနိုင်သလို တရားမျှတရေးကို နိုင်ငံရေးလက်နက်လိုသုံး၊ မီးများမီးနိုင်၊ ရေးများရေနိုင်ပဲ ဖြစ်ပါလိမ့်မယ်။

အဲဒီ due process ထဲက တခုက privacy ကို ထိန်းသိမ်းတဲ့ ကိုယ်ကျင့်သိက္ခာအဆင့်အတန်း ဖြစ်တယ်။ ကျူးလွန်သူဘက်က တာဝန်ယူ/တာဝန်ခံရေးအတွက် သိသင့်သိထိုက်သူတွေကို အသိပေးရေးနဲ့ သူ့ privacy ထိန်းသိမ်းရေးကို ထိန်းညှိကိုင်တွယ်ရာမှာ ပြစ်ဒဏ်ပေးတဲ့ပလက်ဖောင်းအနေနဲ့ ဆိုရှယ်မီဒီယာကို သုံးတာဟာ ပွဲဆာနေတဲ့ လူအုပ်ကြီးကို စုန်းဖမ်းခိုင်းသလိုသာ ဖြစ်စေတယ်။ ကျူးလွန်ကြောင်းကို ဆုံးဖြတ်ချက်ချခွင့်ရှိသူက အခိုင်အမာဆုံးဖြတ်ချက်မချခင် လူအုပ်ကို စီရင်ကွပ်မျက်ခိုင်းသလို ဖြစ်စေတယ်။

အခုဖြစ်နေတာက ဝုန်းခနဲဆို ဆိုရှယ်မီဒီယာမှာ ပွလာပေမဲ့ တကယ်တော့ ထိခိုက်နစ်နာသူအတွက်ရော စွပ်စွဲခံ/ကျူးလွန်သူအတွက်ပါ လက်တွေ့ကျတဲ့တရားမျှတမှု၊ ပြန်လည်ကုစားမှု၊ ထိရောက်တဲ့ အမှန်တကယ်ကာကွယ်မှု alternative နည်းလမ်းကို လူ့အဖွဲ့အစည်းက မပေးနိုင်ပါဘူး။ သွေးပူချိန် ဆိုရှယ်မီဒီယာပေါ်ရောက်လာတဲ့ privacy ကိုယ်ရေးအချက်အလက်တွေကြောင့် ရေရှည်မှာ ပိုလို့တောင် ခက်သွားပါအုံးမယ်။ (ပြဿနာတွေကို ဖြေရှင်းရာမှာ အပြီးပြတ်မပြီးဆုံးခင် ထုတ်ပြန်မှုတွေ

မလုပ်ရတဲ့ စည်းကမ်းတွေ၊ privacy နဲ့ပတ်သက်တဲ့ ကျင့်ဝတ်သိက္ခာတွေဟာ အလကားမဟုတ်ပါဘူး။)

လိင်ပိုင်းဆိုင်ရာကျူးလွန်မှုတွေမှာ ထပ်တလဲလဲကျူးလွန်တဲ့ sex offender ဖြစ်ရင်တောင် အချက်အလက်တွေအကုန် တလောကလုံးသိအောင် ထုတ်ပြန်တာအစား လူတွေသတိထားရှောင်ကြဉ်နိုင်အောင် အမှုအခြေအနေအရ နည်းလမ်းတကျ ထိန်းသိမ်းလုပ်ကြရမှာဖြစ်တယ်။

### ဆိုရှယ်မီဒီယာစိတ်ကြွဆေး

Neuroscience ပညာရှင်တွေရဲ့ လေ့လာတွေ့ရှိချက်အရ လူတွေရဲ့ဦးနှောက်ဟာ ကျိုးကြောင်းဆင်ခြင်စဉ်းစားမှုကို ငါးရာခိုင်နှုန်းလောက်သာလုပ်ပြီး ကျန်တဲ့ ၉၅ ရာခိုင်နှုန်းဟာ မစဉ်းစားမတွေးခေါ်ဘဲ စိတ်ခံစားချက်နဲ့ စိတ်မြန်ထကြွစွာ လုပ်ကြတာဖြစ်တယ်။ နည်းပညာခေတ်မှာ ဆိုရှယ်မီဒီယာဟာ ဆင်ခြင်သုံးသပ်စဉ်းစားမှုအစား စိတ်ခံစားချက်နဲ့ မှားယွင်းစွာတုံ့ပြန်တာကို ပိုအားပေးတယ်။

ဒါတင်မက Facebook လို ဆိုရှယ်မီဒီယာဟာ ကိုကိန်းလို မူးယစ်ဆေးသုံးတဲ့ခါ၊ လောင်းကစားလုပ်တဲ့အခါ အသက်ဝင်တက်ကြွလာသလိုမျိုး ဦးနှောက်ဆဲလ်ကွန်ရက်ကို တက်ကြွလာစေတယ်။ စိတ်ထက်သန်ပြီး ထပ်တလဲလဲလုပ်ဖို့ ဆေးစွဲ၊ လောင်းကစားစွဲသလို စွဲစေတယ်။ လုပ်ပြီးရင်းလုပ်ချင်အောင် အဆုံးမဲ့လှုံ့ဆော်ထောက်ပံ့မှုဖြစ်စေတယ် (တနည်း မူးယစ်ဆေးသုံးရင် တက်ကြွတဲ့ ဦးနှောက်ကွန်ရက်နဲ့ ဆိုရှယ်မီဒီယာစွဲလန်းမှု ဦးနှောက်ကွန်ရက် အတူတူ။)

ဆိုရှယ်မီဒီယာရဲ့ အဆုံးမဲ့စေ့ဆော်မှုတွေကြောင့်

- ကျိုးကြောင်းဆင်ခြင်မှုအစား
- တရားမျှတမှုအစား
- ကျူးလွန်သူနဲ့ ခံစားရသူအတွက် လက်တွေ့ကျတဲ့ ပြန်လည်ကုစားရေးအဖြေအစား

ဆိုရှယ်မီဒီယာကို ဆေးစွဲ၊ လောင်းကစားစွဲသလိုစွဲနေတဲ့ လူအုပ်စုဟာ စိတ်ထင်ရာ အလွယ်တကူတုံ့ပြန်ကြတယ်။ ဒါတွေကြောင့် လူအုပ်စုစီရင်ရေး၊ လူအုပ်စုလိုက်စုန်းဖမ်းဓလေ့ကို စိတ်ကြွဆေးကျွေးသလို ကျွေးနေတဲ့ ဆိုရှယ်မီဒီယာဟာ သက်ဆိုင်သူတွေကို တရားမျှတမှုပေးဖို့အစား ဆန့်ကျင်ဘက်ကိုသာ ဖြစ်စေတယ်။

အချုပ်ပြောရရင် တရားရေးကို အားကိုးမရတဲ့အခင်းအကျင်းမှာ လူမှုပြစ်ဒဏ်ကို သုံးကြရမှာဖြစ်တယ်။ ဒါပေမဲ့ social punishment အစား social media punishment၊ ဆိုရှယ်မီဒီယာ သိက္ခာချဆွမ်းကြီးလောင်းခြင်းနဲ့ လူအုပ်ဖွဲ့ စုန်းဖမ်းပွဲပဲဖြစ်ရင် ကျူးလွန်ခံရသူအတွက် survivor-centered ချဉ်းကပ်မှုဟာလည်း အနှစ်သာရ ပျက်စီးသွားပါလိမ့်မယ်။ နှစ်ဖက်စလုံးအတွက် လက်တွေ့တရားမျှတရေးနဲ့ ပြန်လည်ကုစားရေးအစား၊ နှစ်ဖက်စလုံးနဲ့ လူ့အဖွဲ့အစည်းအတွက် အကျိုးရှိရမယ့်အစား ကာယကံရှင်တွေရဲ့ privacy၊ လူ့ဂုဏ်သိက္ခာနဲ့ လုံခြုံရေးကို ထိပါးစေတဲ့ စိတ်ကြွလူအုပ်ကြီးရဲ့ အာသာဖြေစုန်းဖမ်းဓလေ့ (mob culture) ပဲ ပိုမိုကြီးစိုးပါလိမ့်မယ်။

ဒီလိုဖြစ်ရင် နဂိုပြဿနာမပြေလည်တဲ့အပြင် နောက်ဆက်တွဲပြဿနာတွေ ပိုလို့သာ တိုးလာပါလိမ့်မယ်။ ■

ဒေါက်တာစိုင်းလတ်

# လူသမိုင်း၏ နောက်ဆုံးပြဇာတ်




အာကျန်


ကမ္ဘာသစ်မှာ Like တွေ Share တွေရဲ့ ဒိုပါမင်းဓာတ်တွေနဲ့ ကြီးပြင်းလာတဲ့
မျိုးဆက်သစ်တွေဟာ ကျွမ်းကျင်မှုဆိုတာ မလိုအပ်ဘူးလို့ သဘောပေါက်လာကြတယ်။
ယနေ့ကမ္ဘာမှာ အာရုံစိုက်မှုဆိုတာကသာ တကယ့်ငွေကြေးဖြစ်ပြီး
ဒါကိုရဖို့အတွက် ဘာမဆို လုပ်ကြမယ်ဆိုပြီး ဆုံးဖြတ်လိုက်ကြတယ်။

ISP COLUMN

ဆူညံဗလံအသံမှသည်
ဉာဏ်လျှိုင်းခတ် ဆင်ခြင်သံဆီသို့

ဒီဆောင်းပါးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှာ ISP-Myanmar ကနေ ဖော်ပြခဲ့ပါတယ်။ ဒီတနှစ်လုံးဖော်ပြခဲ့တဲ့ ISP Column တွေထဲမှာ ပရိသတ်တွေ ဒသမမြောက်စိတ်အတွေ့ဆုံး၊ အဖတ်များဆုံးနဲ့ မျှဝေတုံ့ပြန်မှုအများဆုံး ဖြစ်ခဲ့ပါတယ်။ ဒီဆောင်းပါးဟာ ဆိုရှယ်မီဒီယာခေတ်မှာ ပညာရှင်တွေ ပျောက်ကွယ်ပြီး အာရုံစိုက်ခံရမှုသာ အဓိကဖြစ်လာတဲ့ ကမ္ဘာကြီးရဲ့ ဆုတ်ယုတ်မှုနဲ့ လူ့ယဉ်ကျေးမှုဟာ စစ်မက်တွေကြောင့် ပျက်စီးတာမဟုတ်ဘဲ 'ညံ့ဖျင်းမှုတွေကို အားပေးရင်း'နဲ့ပဲ အဆုံးသတ်သွားမယ့်အကြောင်း ရသမြောက်စွာ သရော်ထားပါတယ်။

■ အယ်ဒီတာ

၁၀

# လူ့သမိုင်း၏ နောက်ဆုံးပြဇာတ်

## အာကျန်

### နိဒါန်း

ကမ္ဘာကြီးဟာ တချိန်က ပညာရှင်တွေ ထွန်းတောက်ရာ ဇာတ်စင်တခုဖြစ်ခဲ့တယ်။ လူတွေကို အူလိမ့်နေအောင် ရယ်စေနိုင်တဲ့ ဟာသသရုပ်ဆောင်တွေ၊ လူ့စိတ်ဝိညာဉ်ကို စုတ်တံတချက်နဲ့ ဖမ်းစားနိုင်တဲ့ ပန်းချီဆရာတွေ၊ ဝမ်းနည်းမှုကို သံစဉ်တေးသီချင်းအဖြစ် ပြောင်းလဲပေးနိုင်တဲ့ ဂီတပညာရှင်တွေ အများအပြားပေါ်ထွန်းခဲ့တာပေါ့။

အခုအချိန်မှာတော့ ဒီဇာတ်စင်ကြီးဟာ မီးရှို့ပြာချခံလိုက်ရပြီး သူ့နေရာမှာ ဆိုရှယ်ကမ္ဘာလို့ခေါ်တဲ့ စွဲမက်ဖွယ် အမှောင်ကမ္ဘာတခု ပေါ်ထွန်းလာခဲ့တယ်။ အဲဒီကမ္ဘာမှာ အရည်အချင်းအစစ်အမှန်မရှိသူတွေ ထွန်းတောက်လာပြီး ပညာရှင်တွေကတော့ မထင်မရှားဘဝနဲ့ ပျောက်ကွယ်သွားကြတယ်။

ဒီဖြစ်ရပ်တခုလုံးဟာ တိတ်တဆိတ်နဲ့ တဖြည်းဖြည်းချင်း စတင်ခဲ့ပါတယ်။ အစပိုင်းမှာ မိန်းကလေးတယောက်ဟာ သာမန်သီချင်းတပုဒ်ကို သံယောင်လေးလိုက်ဆိုနေခဲ့တယ်။ မကြာခင်မှာပဲ သူ့ကို

---

**အာကျန်**သည် လူငယ်သတင်းစာဆရာဖြစ်ပြီး UAE နိုင်ငံတွင် မီဒီယာနှင့် စိတ်ပညာဘာသာရပ်များကို သင်ယူလေ့လာလျက်ရှိသည်။

ထိပ်သီးမော်ဒယ်အဖြစ် ဆိုရှယ်ကမ္ဘာက တင်မြှောက်လိုက်ကြတယ်။ နောက်တော့ ယောကျာ်းလေး တယောက်ဟာလည်း အပေါ်စားတေးသွားတခုကို ထပ်တလဲလဲ ကပြခဲ့ရင်း သန်းကြွယ်သူဌေးတယောက် ဖြစ်လာခဲ့တယ်။

ဒီဂျစ်တယ် ဆင့်ကဲတိုးတက်မှု ကမ္ဘာကြီးအကြောင်း ပြောပါရစေ။ ဒီနေရာမှာ လူသားတို့ရဲ့ ဖြစ်တည်မှုနဲ့ နောက်ဆုံးရှင်ကျန်မှုအတွက် အကောင်းဆုံး၊ အတော်ဆုံးသူတွေကို ရွေးချယ်တာမဟုတ်ဘဲ အသုံးအကျယ်ဆုံးဖြစ်ရေး၊ အာရုံစိုက်ခံရဆုံးဖြစ်ရေး၊ နာမည်ကျော်ကြားရေး သူတို့ရဲ့ ဂုဏ်သိက္ခာကို ၁၅ စက္ကန့်စာအတွက် ရောင်းစားဖို့ အဆင်သင့် ရှိနေသူတွေကိုသာ ရှင်ကျန်သူတွေအဖြစ် ဂုဏ်ယူစွာ ရွေးချယ်ပါတယ်။

**အခန်း-၁**

မှောင်မိုက်နေတဲ့ အခန်းတခုထဲမှာ ပန်းချီဆရာတဦးဟာ သူ့ရဲ့ အနုပညာသက်တမ်းတလျှောက် အကောင်းဆုံးဖန်တီးခဲ့တဲ့ လက်ရာတခုကို ငေးကြည့်နေခဲ့တယ်။ သူဖန်တီးထားတဲ့ အနုပညာအရည်အသွေးကို စိတ်လှုပ်ရှားစွာကြည့်ရင်း သွေးကြောတွေ တဒိန်းဒိန်းခုန်နေတယ်။ ဒါပေမဲ့ ဆိုရှယ်ကမ္ဘာမှာ သူ့အတွက် ပရိသတ်ရှိဖို့ လိုအပ်တယ်လို့ သူမထင်ခဲ့ဘူး။ ဒီလိုအချိန်မှာပဲ တခြားတဖက်မှာ တစ်တော့ရိုက်နေတဲ့ သူတယောက်က ငပိထောင်းနဲ့ ထမင်းကို အားရပါးရ စားပြနေတယ်။ ကုမ္ပဏီတွေဟာ သူတို့အမှတ်တံဆိပ်ရဲ့ ပင်တိုင်မော်ဒယ်အဖြစ် အဲဒီတယောက်ကို ခန့်အပ်လိုက်ပါတယ်။ အဲဒီလို ကုမ္ပဏီတွေအတွက် အနုပညာရှင်တဦး မလိုအပ်ခဲ့ပါဘူး။

အတတ်ပညာကို ဆယ်စုနှစ်တွေများစွာ ဆည်းပူးလေ့ကျင့်ခဲ့တဲ့ ဟာသလူရွှင်တော်နှစ်ဦးဟာ ပွဲကျညစျေးတန်း ထောင့်တနေရာမှာ ပရိသတ်အနည်းအကျဉ်းအတွက် ဖျော်ဖြေနေခဲ့တယ်။ သူတို့ရဲ့ ဟာသပညာကို ဆိုရှယ်ကမ္ဘာမှာ ၁၀ စက္ကန့်စာ စ,နောက်နေတဲ့ ဗီဒီယိုတွေလောက် ရယ်စရာကောင်းတယ်လို့ လူတွေက မထင်တော့ပါဘူး။

ကမ္ဘာသစ်မှာ Like တွေ Share တွေရဲ့ ဒိုပါမင်းဓာတ်တွေနဲ့ ကြီးပြင်းလာတဲ့ မျိုးဆက်သစ်တွေဟာ ကျွမ်းကျင်မှုဆိုတာ မလိုအပ်ဘူးလို့ သဘောပေါက်လာကြတယ်။ ယနေ့ကမ္ဘာမှာ အာရုံစိုက်မှုဆိုတာ ကသာ တကယ့်ငွေကြေးဖြစ်ပြီး ဒါကိုရဖို့အတွက် ဘာမဆိုလုပ်ကြမယ်ဆိုပြီး ဆုံးဖြတ်လိုက်ကြတယ်။

လမ်းမပေါ်မှာ လူတကာကို လိုက်စ,နောက်နေတဲ့ ဗီဒီယိုအတိုတွေ၊ အိမ်သာခွက်ထဲမှာ ရေခဲမုန့်စားပြတာတွေ၊ စျေးထဲ ဒါမှမဟုတ် လူစည်ကားတဲ့ စားသောက်ဆိုင်ထဲမှာ ဒေါသထွက်ပြတာတွေ စသည်ဖြင့် အမျိုးစုံ သူတို့လုပ်ကြတယ်။ သူတို့အတွက် ဂုဏ်သိက္ခာဆိုတာ ဆိုရှယ်ကမ္ဘာမှာ တန်ဖိုးမရှိတဲ့

အရာသာ ဖြစ်လာကြတယ်။ တကယ်တမ်းတော့ သူတို့ကိုမသနားဘဲ ချီးကျူးသင့်တာပါ။ သူတို့က ဆိုရှယ်ကမ္ဘာရဲ့ ပကတိအခြေအနေကို နားကျေနေကြတာပါ။ ပညာရပ်တခုကို နှစ်ပေါင်းများစွာ ဆုံးခန်းတိုင် လေ့ကျင့်နေမယ့်အစား ဆိုရှယ်ကမ္ဘာမှာ ပွဲရှာ၊ ဂယက်ထစေတာက သူတို့အတွက် ပို ကောင်းမှန်း သိလာကြပါပြီ။

**အခန်း-၂**

တကယ့်အနုပညာရှင်တွေကတော့ သူတို့ကို မေ့လျော့စပြုနေတဲ့ ကမ္ဘာကြီးထဲမှာ ငွေ့ငွေ့သာကျန်ပါ တော့တယ်။ ကဗျာဆရာတယောက်ဟာ ကဗျာတွေကို ရေးသားနေပေမဲ့ ဆိုရှယ်ကမ္ဘာမှာတင်လိုက် တဲ့အခါ Like နှစ်ခုလောက်ပဲရပါတော့တယ်။ တခုက သူ့အမေဆီက၊ နောက်တခုက သူကိုယ်တိုင်။ တေးရေးဆရာတယောက်ဟာ ကိုယ်ပိုင်သံစဉ်သီချင်းတပုဒ်ကို ဖန်တီးပြီး ဆိုရှယ်ကမ္ဘာမှာ ချပြလိုက် ပေမဲ့ သူ့ရဲ့အကောင်းဆုံးလက်ရာကို စာသားတကြောင်းပဲပါတဲ့ တစ်တော့သီချင်း trend remix တွေ ရဲ့အောက်မှာပဲ မြှုပ်နှံထားလိုက်ကြတယ်။

ကျွမ်းကျင်မှုမရှိသူတွေ သန်းကြွယ်သူဌေး ဖြစ်လာတာကိုကြည့်ပြီး တကယ့်အရည်အချင်းနဲ့သူတွေ ဟာ တအံ့တသြ ဖြစ်နေကြတယ်။ ဆိုရှယ်ကမ္ဘာရဲ့ နေရာတိုင်းမှာ ဒီလို အာရုံစိုက်ခံရမှုရှူးသွပ်သူတွေ ဟာ တခဏတိုင်းမှာ လှိုင်းလုံးတွေလို ပေါ်ထွက်လာကြပါပြီ။

**အခန်း-၃**

အချိန်ကာလတခုမှာတော့ အနုပညာရှင်တွေဟာ ဒါကို သည်းမခံနိုင်တော့ဘူး။ ဟာသသရုပ်ဆောင် တွေ၊ ပန်းချီဆရာတွေ၊ ကချေသည်တွေ၊ စာရေးဆရာတွေ သူတို့အားလုံးဟာ စုစည်းခဲ့ကြတယ်။ သူ တို့အတွက် အလင်းရောင်ကို ပြန်လည်ရယူဖို့။ သူတို့ရဲ့အစီအစဉ်က ရိုးစင်းပါတယ်။ သူတို့ဟာ ဆို ရှယ်ကမ္ဘာကြီးထဲ ထိုးဖောက်ဝင်ရောက်ပြီး၊ အကောင့်တွေဖွင့်ပြီး သူတို့မုန်းတဲ့အရာတွေကို ဖန်တီး ကြတယ်။

ဟာသသရုပ်ဆောင်တယောက်ဟာ လူတွေကို ပြက်လုံးတခုနဲ့ လိုက်စ,တဲ့ ဗီဒီယိုတခု ဖန်တီးပြီး live လွှင့်ပြတယ်။ ပန်းချီဆရာတယောက်ဟာ ပန်းချီကားပေါ်ကို အချဉ်ရည်ဖြန်းပြီး 'အနုပညာ' လို့ ခေါ်ခဲ့ တယ်။ အဲဒီအောက်မှာတော့ သူ့ရဲ့ ပကတိအနုပညာကို မြှုပ်နှံထားခဲ့ပြီး ကြည့်သောသူမြင်စေဆိုပြီး ရည်ရွယ်ထားတယ်။ တေးရေးဆရာတယောက်ကလည်း သရော်တဲ့သီချင်းပုဒ်ကို မြူးကြွတဲ့ကကွက် သီချင်းတပုဒ်အဖြစ် ဖန်တီးခဲ့တယ်။

သူတို့ရဲ့နည်းဗျူဟာက အလုပ်ဖြစ်ခဲ့တယ်။ ဆိုရှယ်ကမ္ဘာဟာ အစစ်နဲ့ အတုကို ခွဲခြားမသိတော့ဘဲ သူတို့ကို ဆိုရှယ်ကမ္ဘာရဲ့ လူစိတ်ဝင်စားမှုထိပ်ဆုံးဆီကို တွန်းပို့လိုက်တယ်။ အနုပညာရှင်တွေဟာ လူတွေရဲ့ စိတ်ဝင်စားမှုကို သူတို့မုန်းတီးတဲ့အရာတွေကနေ ပြန်လည်ရရှိလာကြတယ်။

## နိဂုံး

ဒီတိုက်ပွဲဟာ ကာလတခုထိ ပြင်းထန်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ အနုပညာရှင်တွေဟာ သူတို့ကိုယ်တိုင်ဖျက်ဆီးဖို့ကြိုးစားနေတဲ့ အမှောင်ကမ္ဘာရဲ့ ဖြားယောင်းမှုကို ခံလိုက်ရပါပြီ။ ဒီလိုနဲ့ အနုပညာရှင်တွေနဲ့ အာရုံစိုက်မှုရှာသူတွေဟာ တဖြည်းဖြည်းပေါင်းစပ်သွားခဲ့တယ်၊ အပေါ်စားဖန်တီးမှုတွေ၊ တင်ဆက်မှုတွေဟာ ဆိုရှယ်ကမ္ဘာရဲ့ အဖိုးအတန်ဆုံး အနုပညာတွေသဖွယ် ဖြစ်လာခဲ့ပါပြီ။ သာမန်လူထုတွေတို့ဟာလည်း like တွေ၊ follower တွေကိုပဲ ရူးသွပ်စွာလိုက်ဖမ်းနေမိခဲ့ကြပြီး သူတို့ရဲ့ မူလရည်မှန်းချက်ကို မေ့သွားခဲ့ကြပါပြီ။

ကမ္ဘာကြီးဟာ ခင်ဗျားတို့၊ ကျနော်တို့ ထင်ထားသလို စစ်မက်တွေ၊ နယူးကလီးယားပေါက်ကွဲမှုတွေနဲ့ အတူ အဆုံးသတ်သွားတာ မဟုတ်ခဲ့ဘူး။ ဒီကမ္ဘာကြီးနဲ့အတူ ကြီးကျယ်ခမ်းနားခဲ့တဲ့ လူ့သမိုင်းဟာ ညံ့ဖျင်းပြီး ရူးကြောင်ကြောင်နိုင်တဲ့သူတွေကို အားပေးနေရင်းနဲ့ပဲ အဆုံးသတ်သွားခဲ့တာပါ။ ■

အာကျန်

# ‘ဆူညံဗလံအသံမှသည် ဉာဏ်လိုင်းခတ် ဆင်ခြင်သံဆီသို့’ လူငယ်များ၏ ရှုထောင့်စုံအမြင်ကို အားပေးခြင်း

ISP-Myanmar အနေနဲ့ သုတေသနအခြေပြု အရည်အသွေးမြင့် ပိုင်းခြားစိတ်ဖြာ ဆန်းစစ်ချက်တွေနဲ့ ဒေတာအချက်အလက် ဖော်ပြမှုတွေကို ပုံမှန်ထုတ်ဝေနေခဲ့ပါတယ်။ ဒါပေမဲ့ ဘက်ပေါင်းစုံ အလေးဂရုပြုနိုင်တဲ့ ပညာရပ်နယ်ပယ် အကန့်အသတ်ရှိနေပါတယ်။ အများအားဖြင့်တော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ ပဋိပက္ခ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ မြန်မာ-တရုတ်ဆက်ဆံရေးနဲ့ မြန်မာ့လူမှုစီးပွားအခြေအနေ စတဲ့ နယ်ပယ်တွေထဲကပဲ ဖော်ပြနိုင်ပါတယ်။

ISP-Myanmar ရဲ့အစီအစဉ်သစ် ‘ISP Column’က အကြောင်းအရာ အမျိုးအစား ပိုမိုစုံလင်ပါလိမ့်မယ်။ ပြင်ပက စာရေးသူတွေ ပါဝင်ရေးသားနိုင်ကြဖို့ရည်ရွယ်ပြီး ကဏ္ဍတခုဖွင့်လှစ်လိုက်တာပါ။ အထူးသဖြင့် လူငယ်တွေရဲ့ ရှုထောင့်စုံအမြင်တွေကို အားပေးချင်ပါတယ်။ အရင်ခေတ်တွေထက်စာရင် ဒီကနေ့ကာလမှာ စာဖတ်သူအများစုဟာ အွန်လိုင်းပေါ်မှာ အချိန်ပြည့်နီးပါး ရှိနေကြပါတယ်။ စာဖတ်သူသက်သက်မျှသာမဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ဆွေးနွေး ရေးသားလိုသူတွေ၊ ISP-Myanmar က တင်ပြနေတဲ့ ခေါင်းစဉ်ကြောင်းရာတွေအပြင် ပိုပြီးကျယ်ပြန့်တဲ့ အကြောင်းအရာတွေအပေါ် ဆွေးနွေးလိုသူတွေ ရှိနေပါတယ်။ ဒီလိုတောင်းဆိုချက်ရှိနေတဲ့ အခြေအနေမှာ ISP-Myanmar ဝက်ဘ်ဆိုက်စာမျက်နှာနဲ့ တွဲယှဉ်လို့ စာမျက်နှာသစ်ကို ဖွင့်လှစ်ဖိတ်ခေါ်လိုက်ပါတယ်။ မြင်သာအောင်ပြောရမယ်ဆိုရင်တော့ ပိုမိုလွတ်လပ်ပွင့်လင်းတဲ့ ဘလော့စာမျက်နှာ (Blogosphere) တခုနဲ့ ပိုတူပါလိမ့်မယ်။

**စုံလင်တဲ့အကြောင်းအရာတွေ ပါဝင်ပါမယ်။** စာရေးသူတွေအနေနဲ့ စိတ်ကြိုက်ခေါင်းစဉ်အကြောင်းအရာတွေကို တင်ပြနိုင်ပါလိမ့်မယ်။ နိုင်ငံရေး၊ မြန်မာ့ပဋိပက္ခ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ နိုင်ငံရေးဆိုင်ရာ စီးပွားရေး၊ နိုင်ငံတကာ ဆက်ဆံရေး၊ ပထဝီနိုင်ငံရေးတွေအပြင် သမိုင်း၊ ယဉ်ကျေးမှုနဲ့ စာပေဆိုင်ရာတွေကိုပါ လွတ်လွတ်လပ်လပ် ရေးသားနိုင်ပါမယ်။ ရသစာတွေနဲ့ လူပုဂ္ဂိုလ်တဦးချင်းရဲ့ စိတ်ဝင်စားဖွယ် အတွေ့အကြုံဇာတ်လမ်းတွေလည်း ဖြစ်နိုင်ပါတယ်။ မြန်မာဘာသာအပြင် အင်္ဂလိပ်ဘာသာနဲ့လည်း ရေးသားနိုင်ပါတယ်။ ရေးသားမယ့် စာတွေဟာ ISP-Myanmar ရဲ့အမြင်နဲ့ ကိုက်ညီနေဖို့မလိုအပ်ပါဘူး။ ပင်ကိုမူရင်း

ရေးသားချက်တွေဖြစ်ဖို့၊ အမုန်းစကားနဲ့ တိုက်ခိုက်မှုတွေမပါဝင်ဖို့နဲ့ အကျယ်အပြန့်သော ပရိသတ်တွေအတွက် စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ်၊ ဖတ်ပျော်ရှုပျော်ဖြစ်မယ့် စာမျိုးတွေဖြစ်ဖို့ပဲ လိုအပ်ပါတယ်။ ပရိသတ်ကို အကျိုးဖြစ်စေဖို့ ဦးတည်တဲ့ စာမူမျိုးဖြစ်ဖို့ လိုပါတယ်။

**သစ်ဆန်းတဲ့ တီထွင်ဖန်တီးမှုနဲ့ ရှုထောင့်စုံတဲ့အမြင်တွေကို ဖိတ်ခေါ်ပါတယ်။** ဒီလိုဖိတ်ခေါ်ရာမှာ လူငယ်တွေကို ပိုလို့ဦးစားပေးချင်ပါတယ်။ လူငယ်တွေအနေနဲ့ အာရုံကျရာ၊ စိတ်စွဲသန်ရာ ကဏ္ဍတွေကို ဖော်ပြရေးသားကြစေချင်ပါတယ်။ ဒါမှပဲ **'ဆူညံဗလံအသံမှသည် ညာဏ်လိုင်းခတ် ဆင်ခြင်သံဆီသို့'**ဆိုတာနဲ့အညီ ဖမ်းဆုပ်နားလည်ဖို့ခက်တဲ့ ဆူညံသံတွေကို ရှင်းလင်းခိုင်မာတဲ့၊ ညာဏ်ထုံမွမ်းတဲ့ ဆင်ခြင်ဖွင့်ဟသံတွေအဖြစ် ဖန်တီးအသွင်ပြောင်းပေးနိုင်မယ်လို့ ယူဆပါတယ်။ ISP-Myanmar အနေနဲ့လည်း လူငယ်တွေရဲ့ အပြောချင်ဆုံးစကား၊ လူထုပရိသတ်တွေ အကြားချင်ဆုံးအသံကို 'ISP Coulmn'ကနေ ပို့ဆောင်ပေးနိုင်မယ်လို့ ယူဆပါတယ်။

'ISP Column' အတွက် ပေးပို့လာတဲ့ စာမူတွေကို အယ်ဒီတာအဖွဲ့က ရွေးချယ်၊ တည်းဖြတ်မှုတွေ လုပ်ဆောင်ပါမယ်။ ဒါပေမဲ့ မူရင်းပုံမပျက်ယွင်းစေဘဲ (လိုအပ်တဲ့) အနည်းဆုံး တည်းဖြတ်မှုပဲ ဖြစ်ပါလိမ့်မယ်။ ရွေးချယ်ဖော်ပြခံရတဲ့ စာမူတွေအတွက်လည်း ညာဏ်ပူဇော်ခ ချီးမြှင့်ဖို့ စီစဉ်ထားပါတယ်။

ပါဝင်ရေးသားကြဖို့ တိုက်တွန်းပါရစေ။

# ISP Column သို့ စာမူပေးပို့မှု လမ်းညွှန်နှင့် မူဝါဒများ

'ISP Column' ဆိုတာက ကျယ်ပြန့်တဲ့ ခေါင်းစဉ်အကြောင်းအရာတွေကို ဆွေးနွေးနိုင်ဖို့ ပြင်ပဆောင်းပါးရှင်တွေနဲ့ အထူးသဖြင့် လူငယ်တွေကို ဖိတ်ခေါ်ချင်တဲ့ ရပ်ဝန်းတခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပဋိပက္ခ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရုတ်-မြန်မာဆက်ဆံရေး၊ နိုင်ငံရေးဆိုင်ရာ ဘောဂဗေဒ၊ နိုင်ငံရေး၊ လူမှုစီးပွား၊ နိုင်ငံတကာဆက်ဆံရေး၊ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ စသဖြင့် နှစ်သက်ရာကို ရေးသားတင်ပြပေးနိုင်ဖို့ပါပဲ။ စိတ်ကူးဉာဏ်ကွန့်မြူးနိုင်မယ့် အတွေးအကြံနဲ့ ဆွေးနွေးငြင်းခုံမှုတွေ ဖြစ်စေရေးကို ရည်ရွယ်ပါတယ်။ စာရေးသူတွေရဲ့ ရှင်းလင်းပြတ်သားတဲ့အမြင်နဲ့ စူးရှတဲ့ကြံဆချက်တွေဟာ ပညာရှင်တွေ၊ လေ့လာသူတွေနဲ့ ပရိသတ်အများအတွက်ပါ အတွေးပွားစရာတွေ ဖြစ်စေချင်ပါတယ်။

## စာမူရွေးချယ်မှု စံနှုန်းများ

ပေးပို့လာတဲ့စာမူတွေကို ရွေးချယ်တဲ့အခါ ISP-Myanmar ရဲ့ အယ်ဒီတာအဖွဲ့အနေနဲ့ အောက်ပါ အချက်သုံးချက်ကို အခြေခံမှုအဖြစ် ထားရှိပါမယ်။ ရှိရင်းစွဲအယူအဆ (concept)၊ အတွေးအမြင် (perspective) နဲ့ အဖြစ်အပျက်တွေကို အခြေခံပြီး-

- အများပြည်သူအကြား အချေအတင် ဆွေးနွေးစရာ ဖြစ်အောင် တင်ပြနိုင်မှု၊
- အတွေးသစ်၊ အယူအဆသစ်တွေ ဖော်ထုတ်ဆွေးနွေးနိုင်မှု၊
- အတွေးသစ်၊ အယူအဆသစ်တွေဖြစ်စေဖို့ နှိုးဆွနိုင်မှု

ဆိုတဲ့ အချက်သုံးချက်ထဲက တခုခုနဲ့ လျော်ညီတယ်ဆိုရင် စာမူကို ရွေးချယ်ဖော်ပြသွားပါမယ်။ ဒီသုံးချက်အပြင် စာမူဖွဲ့စည်းပုံ (သင့်လျော်တဲ့ ရေးသားမှု၊ သဒ္ဒါ၊ သတ်ပုံနဲ့ ရေးဟန်) နဲ့ စာဖတ်ပရိသတ်တွေအတွက် ဖတ်ရလွယ်ကူမှုကိုလည်း ထည့်သွင်းစဉ်းစားပါမယ်။ အဲဒါအပြင် လူမျိုး၊ ဘာသာ၊ ကျား/မ လိင်ခံယူမှု၊ နိုင်ငံရေးအမြင်မတူမှုတွေအပေါ် ချိုးနှိမ်ခွဲခြားစော်ကားတဲ့ အမုန်းစကား ပြောဆိုတဲ့ စာမူတွေ မဖြစ်ဖို့လည်း လိုပါမယ်။

ရွေးချယ်ဖော်ပြလိုက်တဲ့ စာမူတွေမှာပါရှိတဲ့အကြောင်းအရာတွေကို ပြန်လည်ချေပရေးသားတဲ့ တုံ့ပြန်ဆောင်းပါး (rebuttal article) တွေကိုလည်း လက်ခံသွားမှာ ဖြစ်ပါတယ်။

## စာမူရေးသားခြင်းအတွက် အကြံပြုချက်များ

- စာမူတွေကို (မြန်မာဘာသာစကားနဲ့ဖြစ်စေ၊ အင်္ဂလိပ်ဘာသာစကားနဲ့ဖြစ်စေ) ရေးသားနိုင်ပါတယ်။
- A-4 စာမျက်နှာ နှစ်မျက်နှာထက် မကျော်စေဘဲ လိုရင်းတိုရှင်းပုံစံမျိုးနဲ့ ရှင်းလင်းတဲ့အမြင်၊ စူးရှတဲ့ကြံဆချက်တွေ ဖြစ်စေချင်ပါတယ်။ အသေးစိတ်ကို ‘စာမူပေးပို့ခြင်းအတွက် လိုအပ်ချက်များ” ခေါင်းစဉ်အောက်မှာ ဆက်ဖတ်နိုင်ပါတယ်။
- မြန်မာဘာသာနဲ့ ရေးမယ်ဆိုရင် ရေးဟန်ပြောဟန် နှစ်ထွေဟန်ရှိတဲ့အထဲ ပြောဟန်နဲ့ ရေးရင် ပိုပြီး သင့်လျော်ပါမယ်။ ဖတ်ရ လွယ်ကူတာမျိုး ဖြစ်စေချင်ပါတယ်။
- မူရင်းရေးသားချက်တွေ ဖြစ်ဖို့ လိုအပ်ပါတယ်။ အခြားစာစောင်စာတမ်းတွေမှာ ဖော်ပြပြီးသား မဖြစ်ရပါဘူး။ (Chat GPT လိုမျိုး AI ရဲ့ အကူအညီကို ယူလိုက ယူနိုင်ပါတယ်။ ဒါပေမဲ့ လူအစစ်ရဲ့ ကြံဆဖန်တီးမှု ဖြစ်ဖို့လိုပါတယ်။)
- ကိုးကားချက်တွေပါနိုင်ရင်လည်း ကောင်းပါတယ်။ စာထဲမှာ ထည့်သွင်း မဖော်ပြရင်တောင် အချက်အလက်တွေကို ပြန်လှန်စစ်ဆေးဖို့ အထောက်အကူ ဖြစ်စေပါမယ်။

## စာမူပေးပို့ခြင်းအတွက် လိုအပ်ချက်များ

- Adobe pdf   ဒါမှမဟုတ် Microsoft Word file နဲ့ ပေးပို့နိုင်ပါတယ်။
- မြန်မာဘာသာနဲ့ ရေးမယ်ဆိုရင် ယူနီကုဒ်ဖောင့် တမျိုးမျိုးကို သုံးစေချင်ပါတယ်။ ပြည်ထောင်စု ဖောင့် ဒါမှမဟုတ် နိုတိုစံ မြန်မာဖောင့်တွေကို အသုံးပြုနိုင်ပါတယ်။ ဖောင့်အရွယ်အစား ၁၁ ဖြစ်ရပါမယ်။ စာကြောင်း တကြောင်းနဲ့တကြောင်း အစိတ်အကျဲ (spacing) က single spacing ဖြစ်သင့်ပါတယ်။ A4 စာမျက်နှာ နှစ်မျက်နှာထက် မကျော်သင့်ပါဘူး။
- အင်္ဂလိပ်ဘာသာနဲ့ ရေးမယ်ဆိုရင်တော့ Times New Roman၊ Georgia၊ Manrope နဲ့ Lato ဖောင့် တမျိုးမျိုးကို သုံးနိုင်ပါတယ်။ ဖောင့်အရွယ်အစား ကလည်း ၁၁ ပဲ ဖြစ်ရပါမယ်။ စာကြောင်း တကြောင်းနဲ့ တကြောင်း အစိတ်အကျဲ (spacing) က 1.15 spacing ဖြစ်သင့်ပါတယ်။ စာလုံးရေ ၅၀၀ နဲ့ ၈၀၀ အကြား ရေးနိုင်ပြီး စာလုံးရေ ၈၀၀ ထက် ကျော်လို့ မရပါဘူး။

- စာရေးသားရာမှာ ယေဘုယျအားဖြင့် စာပိုဒ် ခုနစ်ပိုဒ် (နိဒါန်းတပိုဒ်၊ စာကိုယ် ငါးပိုဒ်နဲ့ နိဂုံးတပိုဒ်) ပါရှိရပါမယ်။
- ကလောင်အမည်၊ နာမည်အရင်း၊ ကိုယ်ရေးအကျဉ်း၊ ဆက်သွယ်ဖို့ အီးမေးလ် လိပ်စာတွေ လိုအပ်ပါတယ်။ အရင်က ရေးသားဖူးတဲ့ စာမူတွေရှိတယ် ဆိုရင်လည်း ဖော်ပြပေးလို့ရပါတယ်။
- ကိုယ်တိုင်ရေးသားထားတဲ့ စာမူ ဖြစ်ရပါမယ်။ ကိုးကားချက်တွေ ပါနိုင်မယ်ဆို သင့်လျော်ပါတယ်။
- စာရေးသူတဦးက စာမူကြိုက်သလောက် ပေးပို့နိုင်ပါတယ်။
- စာမူကို ISP-Myanmar ရဲ့ ဝက်ဘ်ဆိုက် စာမျက်နှာမှာ ဖော်ပြထားတဲ့ (စာမူတင်သွင်းလွှာ) submissions page ကနေတဆင့် ပို့ရမှာဖြစ်ပါတယ်။ အီးမေးလ် ဒါမှမဟုတ် တခြားပလက်ဖောင်းကနေ ပေးပို့တာကို လက်ခံမှာမဟုတ်ပါဘူး။

## စာမူပေးပို့ပြီးနောက် ISP-Myanmar က လုပ်ဆောင်သွားမည့် အချက်များ

- ပေးပို့လာတဲ့ စာမူတွေကို ISP-Myanmar က ဖွဲ့စည်းထားတဲ့ အယ်ဒီတာအဖွဲ့က ရွေးချယ်ပါမယ်(ဘယ်လို စံနှုန်းတွေနဲ့ ရွေးချယ်မယ်ဆိုတာကို အောက်မှာ ဖော်ပြထားပါတယ်။)။ စံနှုန်းကိုလည်း ဖော်ပြထားပါတယ်။
- ပုံနှိပ်ဖော်ပြဖို့ သင့်လျော်ပေမဲ့ သတ်မှတ်ထားတဲ့ စာမူ ဖွဲ့စည်းပုံတွေနဲ့ မညီညွတ်ဘူးဆိုရင် စာရေးသူကို ပြန်လည်ဆက်သွယ်ပြီး ပြန်လည် ပြင်ဆင်ရေးဖို့ အကြံပြုပါမယ်။ ဒီလို အကြံပြုတာက အင်မတန်နည်းမှာ ဖြစ်ပြီး ရွေးချယ်တာနဲ့ မရွေးချယ်တာ နှစ်မျိုးကိုပဲ ပိုပြီး လုပ်သွားဖို့ ရှိပါမယ်။
- ဖော်ပြဖို့ ရွေးချယ်ထားတဲ့ စာမူတွေမှာ ISP-Myanmar က စံသတ်မှတ်ထားတဲ့ သတ်ပုံ သတ်ညွှန်းတွေနဲ့ ညီညွတ်မှုမရှိဘူးဆိုရင် အနည်းဆုံးသော ပြင်ဆင်မှုကို လုပ်ဆောင်ပါမယ်။
- အဲဒါတွေ ပြီးသွားတဲ့အခါ ဝက်ဘ်ဆိုက်စာမျက်နှာကနေ ထုတ်ဝေပါမယ်။

## ညာဏ်ပူဇော်ခ

ရွေးချယ်ဖော်ပြခံရတဲ့ စာမူတွေအတွက် ထိုက်သင့်တဲ့ ညာဏ်ပူဇော်ခ ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ များပြားလှတဲ့ပမာဏ မဟုတ်ပေမဲ့ စာရေးသူတွေရဲ့ အားထုတ်မှုကို တန်ဖိုးထားတဲ့

ရည်ရွယ်ချက်နဲ့ ချိုးဖြင့်သွားမှာပါ။ မြန်မာကျပ်၊ ထိုင်းဘတ်၊ အမေရိကန်ဒေါ်လာ စသဖြင့် ငွေကြေးတမျိုးမျိုးနဲ့ ချိုးမြင့်မှာ ဖြစ်တာမို့ ငွေလွှဲပေးပို့နိုင်မယ့် ဘဏ်စာရင်းနံပါတ် ဒါမှ မဟုတ် အကောင့်တွေကို ပေးဖို့လိုအပ်ပါတယ်။

## စာမူရေးသားသူနှင့် တွဲဖက်ရေးသားသူများ

ပေးပို့မယ့်စာမူဟာ ရေးသားသူတဦးထက်ပိုခဲ့ရင် တွဲဖက်ရေးသားသူအားလုံးရဲ့ ဆန္ဒတွေ ပါဝင်မှသာ စာမူ တင်သွင်းတာကို လက်ခံပါမယ်။ တွဲဖက်ပါဝင်ရေးသားခဲ့သူ တဦးတ ယောက်ချင်းစီကိုလည်း တွဲဖက်ရေးသားသူအဖြစ် အသိအမှတ်ပြု ဖော်ပြဖို့လိုပါတယ်။ တွဲဖက်ရေးသားကြတဲ့အခါ ပါဝင်သူအားလုံးအနေနဲ့ စာရေးသူအဖြစ် နာမည်ခံရမှာ ဖြစ်ပြီး စာမူမှာပါဝင်တဲ့ အကြောင်းအရာတိုင်းအတွက် တာဝန်ခံရမှာ ဖြစ်ပါတယ်။ ChatGPT လို မျိုး AI ကို တော့ စာရေးသူအဖြစ် သတ်မှတ်မှာ မဟုတ်ပါဘူး။

## စာကူးယူခိုးချမှုနှင့် မူပိုင်ခွင့်ဆိုင်ရာ မူဝါဒ

ISP Column အနေနဲ့ ပညာရပ်ပိုင်းဆိုင်ရာ တည်ကြည်မှု၊ ယုံကြည်ကိုးစားရမှုကို အမြင့်မား ဆုံး တန်ဖိုးထားပါတယ်။ ဒါကြောင့် စာကူးယူခိုးချမှုကို တင်းကျပ်စွာ တားမြစ်ပါတယ်။ ကိုး ကားတဲ့ အိုင်ဒီယာ၊ ဒေတာ၊ တွေ့ရှိချက်တွေကို လုံလောက်စွာ အသိအမှတ်ပြု ကိုးကား ဖော်ပြဖို့ လိုအပ်ပါတယ်။ အကယ်၍ စာကူးယူ ခိုးချကြောင်း သံသယရှိလာရင် ISP-Myanmar က ချက်ချင်း စစ်ဆေးပါမယ်။ ဖော်ပြထားမှုကို ရုပ်သိမ်းပြီး ဝက်ဘ်ဆိုက်စာမျက်နှာကနေ လည်း ဖြုတ်ချမှာ ဖြစ်ပါတယ်။ စာရေးသူကိုလည်း ကျူးလွန်တဲ့ အကြောင်းအရာပေါ် မူတည်ပြီး စာမူဖော်ပြခွင့် သုံးလကနေ ရာသက်ပန်အထိ တားမြစ်ပါမယ်။

## အမှားပြင်ဆင်ခြင်းဆိုင်ရာ မူဝါဒ

ထုတ်ဝေဖြန့်ချိပြီးတဲ့ဆောင်းပါးမှာ အမှားအယွင်းတွေ့လာခဲ့ရင်လည်း စာမူဖော်ပြထားမှုကို ရုပ်သိမ်းပြီး ချက်ချင်းပြန်လည်ပြင်ဆင်ပါမယ်။ အကယ်၍ စာရေးသူလက်က စာေဒကတက် စရာ ဒါမှမဟုတ် ငြင်းဆိုစရာ ရှိလာခဲ့ရင်တော့ အယ်ဒီတာအဖွဲ့နဲ့ တိုင်ပင်ဆွေးနွေးပြီး သင့်လျော်သလို ဆောင်ရွက်ပါမယ်။ ဆွေးနွေးညှိနှိုင်းမှု အပြီးမှာတော့ ISP-Myanmar အယ်ဒီတာအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကသာ နောက်ဆုံး အပြီးအပြတ်အတည် ဖြစ်ပါမယ်။

## မလျော်ကန်ဆောင်ရွက်မှုအပေါ် လုပ်ဆောင်မည့် မူဝါဒ

ရွေးချယ်ခံရပြီးနောက် ဖော်ပြလိုက်တဲ့ စာမူဟာ မလျော်ကန်စွာ ဆောင်ရွက်ထားဆိုတဲ့ စွပ်စွဲချက်တွေ ရှိလာရင် သင့်လျော်သလို ချက်ချင်း စုံစမ်းစစ်ဆေးပါမယ်။ စုံစမ်းစစ်ဆေးမှုကို အယ်ဒီတာအဖွဲ့ အပါအဝင် ကျွမ်းကျင်သူပညာရှင်တွေနဲ့ တိုင်ပင်ဆောင်ရွက်ပါမယ်။ ဒီနေရာမှာလည်း စာရေးသူဘက်က စောဒကတက်စရာ ဒါမှမဟုတ် ငြင်းဆိုစရာ ရှိလာခဲ့ရင် အယ်ဒီတာအဖွဲ့နဲ့ တိုင်ပင်ဆွေးနွေးလို့ရပါတယ်။ ဆွေးနွေးညှိနှိုင်းမှုအပြီးမှာတော့ ISP-Myanmar အယ်ဒီတာအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကသာ နောက်ဆုံးအပြီးအပြတ်အတည် ဖြစ်ပါမယ်။ အကယ်၍ မလျော်မကန် ဆောင်ရွက်ထားတာ ထင်ရှားတယ်ဆိုရင် စာမူဖော်ပြချက်ကို ချက်ချင်းရုပ်သိမ်းပါမယ်။ စာရေးသူကိုလည်း ကျူးလွန်တဲ့ အကြောင်းအရာပေါ် မူတည်ပြီး စာမူဖော်ပြခွင့် သုံးလကနေ ရာသက်ပန် အထိ တားမြစ်ပါမယ်။

## လေးစားမှုဖြင့် ဆက်ဆံခြင်း

ISP-Myanmar က ဝန်ဆောင်မှုပေးလိုတဲ့ စာဖတ်သူလူမှုအသိုက်အဝန်းအတွက် ယုံကြည်မှုတည်ဆောက်နိုင်ဖို့နဲ့ အရည် အသွေးမြင့်မားတဲ့ ထုတ်ဝေဖြန့်ချိမှုတွေ ဖြစ်လာစေဖို့အတွက် အပြန်အလှန် လေးလေးစားစားဆက်ဆံဖို့ မဖြစ်မနေ လိုအပ်တယ်လို့ ယုံကြည်ပါတယ်။ စာမူပေးပို့ ရွေးချယ်ဖော်ပြကြတဲ့ အဆင့်ဆင့်တိုင်းမှာ ပါဝင်သူတွေဟာ ကျွမ်းကျင်သူပညာရှင်ပီသစွာ ပြုမူဖို့ လိုအပ်ပါတယ်။ စာမူရှင်၊ စိစစ်သုံးသပ်သူ၊ စာဖတ်သူတွေနဲ့ ထိတွေ့ဆက်ဆံရာမှာ လေးစားမှုရှိစွာ ဆောင်ရွက်ပါမယ်။ ရန်လိုတဲ့ အမူအကျင့်၊ ဖိနှိပ်စော်ကားမှု၊ ဗိုလ်ကျမှု၊ ခွဲခြားဆက်ဆံမှုတွေ ရှိလာခဲ့ရင် လုံးဝသည်းညည်းခံမှာ မဟုတ်ပါဘူး။ ■

+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။
info@ISPMyanmar.com | www.ISPMyanmar.com